# အစိုးရသက်တမ်း ငါးနှစ် (၂၀၁၆-၂၁)အတွင်း

# မြန်မာနိုင်ငံ မသန်စွမ်းလူထုအတွက် ဦးစားပေးဆောင်ရွက်ပေးစေလိုသည့်

# မသန်စွမ်းအဖွဲ့အစည်းများ၏ လိုလားချက်များ

## မိတ်ဆက်နိဒါန်း

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ ဦးဆောင်ကမကထပြု၍ မသန်စွမ်းသူများ အရေးကိစ္စဆောင်ရွက်နေသည့် မသန်စွမ်းအဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံမျက်မမြင်များအသင်း၊ မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ၊ မြန်မာနိုင်ငံနားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရန်ကုန်အကြားအာရုံအားနည်းသူများအဖွဲ့၊ မေရီချက်(ပ်)မင်းနားမကြားသောကလေးများကျောင်း ၊ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၊ မြန်မာနိုင်ငံမသန်စွမ်းအမျိုးသမီးများအသင်း၊ အနာဂတ်ကြယ်ပွင့်ကလေးများ ဉာဏ်ရည်မသန်စွမ်းကိုယ့်အားကိုယ်ကိုးအဖွဲ့ (Future Star)၊ လင်းရောင်ခြည်မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးအသင်း(ရွှေပြည်သာ)၊ ရွှေပြည်သာမသန်စွမ်း အဖွဲ့အစည်းများကွန်ယက်၊ မော်ဘီမြို့နယ်မသန်စွမ်းသူများအဖွဲ့၊ အပြုံးကမ္ဘာမသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ တက်လမ်းကိုယ့်အားကိုယ်ကိုးအဖွဲ့(လှိုင်သာယာ) တို့ ပူးပေါင်းပါဝင်ကာ "မြန်မာနိုင်ငံ မသန်စွမ်းလူထုအတွက် ဦးစားပေးဆောင်ရွက်ပေးစေလိုသည့် မသန်စွမ်းအဖွဲ့အစည်းများ၏ လိုလားချက်များ" ကို အောက်ပါရည်ရွယ်ချက်များဖြင့် အဆင့်ဆင့် ပြုစုဖော်ထုတ်ခဲ့ပါသည်။

- အစိုးရသက်တမ်းငါးနှစ် (၂၀၁၆-၂၁) အတွင်း မြန်မာနိုင်ငံရှိ ၂.၃ သန်းသော မသန်စွမ်းလူထုအတွက် ဦးစားပေး ဆောင်ရွက်ပေးစေလိုသည့် မူဝါဒနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို တိတိကျကျ သတ်မှတ်ဖော်ထုတ်ရန်။

- ဖော်ထုတ်ရရှိသော ယင်းလိုလားချက်များကို လက်ရှိနိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် ပြည်တွင်း/ပ ဖွံ့ဖြိုးရေးဆိုင်ရာ အင်အားစုများထံ နည်းလမ်းစုံ ချဉ်းကပ်တင်ပြတောင်းဆိုခြင်းအားဖြင့် မသန်စွမ်းသူများ အခွင့်အရေး အမှန်တကယ် ခံစားရရှိလာစေရန်။

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့သည် ၂၀၁၂ မှ ၂၀၁၆ ခုနှစ် ယနေ့ကာလအထိ နိုင်ငံရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် တစိုက်မတ်မတ်ပါဝင်ဆောင်ရွက်ကာ လုပ်ငန်းစဉ်များစွာ အကောင်အထည်ဖော်ခဲ့သည်။ လွှတ်တော်၊ ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အစိုးရဝန်ကြီးဌာနအချို့တို့နှင့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ အရှိန်အဟုန်မြှင့် ဖော်ဆောင်နိုင်ခဲ့ရုံမျှမက မသန်စွမ်းသူများ အနာဂတ်အတွက် အခွင့်အလမ်းများလည်း တည်ဆောက်နိုင်ခဲ့ပါသည်။ ၎င်းအခွင့်အလမ်းများကို အမိအရဆုပ်ကိုင်လျက် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မူဝါဒပိုင်းဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်းများက မြန်မာနိုင်ငံ မသန်စွမ်းလူထုအတွက် ပိုမိုဆောင်ရွက်ပေးလာနိုင်ရေး၊ လွှတ်တော် အစည်းအဝေးများတွင် ထိရောက်စွာတင်ပြဆွေးနွေးပေးနိုင်ရေးနှင့် အစိုးရအနေဖြင့် မသန်စွမ်းသူများ အရေးကိစ္စကို ပိုမိုအာရုံစိုက် ဆောင်ရွက်ပေးလာနိုင်ရေး တိုက်တွန်းတင်ပြရန်အတွက် ဤလမ်းညွှန်ကို ပြုစုထုတ်ဝေရခြင်းဖြစ်ပါသည်။

## မြန်မာနိုင်ငံ မသန်စွမ်းသူများ အခြေအနေ

မြန်မာနိုင်ငံ အိမ်အကြောင်းအရာနှင့် လူဦးရေသန်းခေါင်စာရင်း (၂၀၁၄)အရ နိုင်ငံလူဦးရေ၏ ၄.၆ ရာခိုင်နှုန်း (၂.၃ သန်းခန့်)သည် မသန်စွမ်းသူများ ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ (၂၀၁၁) ထုတ်ပြန်ချက်ဖြစ်သော ၁၅ ရာခိုင်နှုန်းနှင့် တွက်ချက်မည်ဆိုလျှင် မြန်မာနိုင်ငံလူဦးရေ၏ ၇ သန်းခန့်မှာ တနည်းမဟုတ်တနည်း မသန်စွမ်းသူများ ဖြစ်မည်ဟု ဆိုနိုင်ပါသည်။

မသန်စွမ်းသူဆိုသည်မှာ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသည့် ချို့ယွင်းအားနည်းချက်များ ရေရှည်ခံစားနေရသည့်သူများကို ဆိုလိုသည်။ (မြန်မာနိုင်ငံ မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ)

မြန်မာနိုင်ငံ လူ့အဖွဲ့အစည်းအတွင်း မသန်စွမ်းသူများ အများနည်းတူ ပါဝင်ဆောင်ရွက်မှု မပြုနိုင်ခြင်း အဓိက အကြောင်းရင်းများမှာ မသန်စွမ်းသူများသည် ၎င်းတို့ကိုယ်ခန္ဓာရှိ အင်္ဂါအစိတ်အပိုင်းများ ချို့ယွင်းအားနည်းမှုကြောင့် မဟုတ်ပဲ အောက်ဖော်ပြပါ အတားအဆီးများကြောင့် လူမှုအဖွဲ့အစည်းအတွင်း အများနည်းတူ လှုပ်ရှားသွားလာ၊ ပါဝင်ဆောင်ရွက်မှု မပြုနိုင်ခြင်း ဖြစ်ပါသည်။

| စဉ် | အတားအဆီး | ရှင်းလင်းချက် - ဥပမာ |
|---|---|---|
| ၁ | ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အတားအဆီး | မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစား စီမံဆောင်ရွက်ထားခြင်း မရှိသည့် အဆောက်အဦများ၊ အိမ်ရာများ၊ စာသင်ကျောင်းများ၊ ရုံးများ၊ ဆေးရုံများ၊ ပန်းခြံများ၊ ရုပ်ရှင်ရုံများ၊ ဈေးဝယ်စင်တာများ၊ လျှောက်လမ်း ပလက်ဖောင်းများ၊ လမ်းဆုံမီးပွိုင့်များ၊ လူကူးမျဉ်းကျားများ၊ ဘုတာရုံများ၊သယ်ယူပို့ဆောင်ရေးယာဉ်နှင့်စနစ်များ၊စသည်။ |
| ၂ | မသန်စွမ်းဖြစ်မှုအပေါ် အဆိုးမြင်သဘောထား ဆိုင်ရာ အတားအဆီး | မသန်စွမ်းသူများသည် ဘာမျှမလုပ်နိုင်သည့် ဒုက္ခိတများဖြစ်သည်၊ ကံမကောင်းအကြောင်းမလှသူများ၊ မိသားစုအတွက်ဝန်ထုပ်ဝန်ပိုးများဖြစ်သည်။မသန်စွမ်းသူဖြစ်ရခြင်းသည်ရှက်စရာ၊ ရွံ့စရာ၊လူတောမတိုးဝံ့စရာကိစ္စတစ်ခု ဖြစ်သည်၊ မသန်စွမ်းသူများ ပညာတတ်ဘွဲ့ရ ဖြစ်ရန်မလို၊ သေစာရှင်စာ ဖတ်တတ်လျှင်ပင် လုံလောက်သည်၊ မသန်စွမ်းသူကိုအလုပ်ခန့်လျှင် နိုင်းစားသည်ဆိုပြီးအခြားသူများကဲ့ရဲ့မှာစိုးရိမ်သည်၊မသန်စွမ်းသူများနိုင်ငံရေးနှင့် ပြည်သူ့ရေးရာလှုပ်ရှားမှုများတွင်ပါဝင်လျှင်ဒုက္ခရှာသည်ဆိုသည့် အတွေးအခေါ်၊သဘောထားအမြင်များစသည်၊စသည်။ |
| ၃ | ဥပဒေနှင့် မူဝါဒဆိုင်ရာ အတားအဆီး | အလုပ်လျှောက်ထားသူသည် ကျန်းမာသန်စွမ်းသူဖြစ်ရမည်၊ ယာဉ်မောင်းလိုင်စင် လျှောက်ထားသူသည် ကိုယ်လက်အင်္ဂါ ပြည့်စုံရမည်၊ ဤသင်တန်းသို့ တက်ရောက်မည့်သူသည် မျက်မှန်တပ်ဆင်ထားသူမဖြစ်ရ၊ စိတ်ပေါ့သွပ် သူများ မဲပေးခွင့်မရှိ စသည်၊ စသည်။ |
| ၄ | ဆက်သွယ်ရေးဆိုင်ရာ အတားအဆီး | နားမကြားသူများအတွက်လက်သင်္ကေတဘာသာပြန်အစီအစဉ်များမရှိခြင်း၊ မျက်စိမမြင်သူများအတွက် မျက်မမြင်လက်စမ်းစာပေဖြင့် ပြုစုထုတ်ဝေသော သတင်းအချက်အလက် ဖြန့်ချိသည့်အစီအစဉ်များမရှိခြင်း၊ အသံထွက်၍ဖတ်ပေးသည့် ဂျောဆော့ဝဲလ်များမရှိခြင်း၊ ဉာဏ်ရည်မသန်စွမ်းသူအပါအဝင် မသန်စွမ်းသူများအလွယ်တကူနားလည်နိုင်မည့်ရုပ်ပုံများ၊သင်္ကေတများ၊အမှတ်အသားများ မထားရှိခြင်း စသည်၊ စသည်။ |

ဖော်ပြပါအတားအဆီးများသည် မသန်စွမ်းသူများ၏ မသန်စွမ်းမှုကြောင့် မဟုတ်ဘဲ လူ့အဖွဲ့အစည်း အတွင်းရှိ အခြားသူများ၊ အဖွဲ့အစည်းများ၏ လူသားအားလုံးအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်မှု မရှိခြင်းကြောင့် ဖြစ်သည်။ လူ့အဖွဲ့အစည်းအား အသိပညာပေးခြင်း၊ မသန်စွမ်းသူများအတွက် သင့်တင့်လျောက်ပါတ်သော နေရာထိုင်ခင်း စီစဉ်ပေးခြင်းနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ဝင်ဆံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းအတားအဆီးများကို ဖယ်ရှားနိုင်သည်။

သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းဟု ဆိုရာတွင် အသုံးအဆောင်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် မသန်စွမ်းသူများ အများတန်းတူ ပါဝင်နိုင်ခွင့်ရှိသော ပတ်ဝန်းကျင်တို့ကို ဆိုလိုသည်။ နားမကြားသူများအတွက် လက်သင်္ကေတပြဘာသာပြန်များ၊ အမြင်အာရုံချို့ယွင်းသူများအတွက် မျက်မမြင်လက်စမ်းစာပေများနှင့် မသန်စွမ်းသူများအတွက် ဆင်ခြေလျှောလမ်းများလည်း ပါဝင်သည်။

မသန်စွမ်းသူများကို လူထုက လူသားများအဖြစ် အသိအမှတ်ပြုပြီး အများနည်းတူ နိုင်ငံသားတစ်ယောက် ရသင့်ရထိုက်သော တန်းတူအခွင့်အရေးများ ရရှိလာရေး ပိုင်းဝန်းဆောင်ရွက်ပေးရန် များစွာလိုအပ်နေသေးသည်။ မသန်စွမ်းသူများအရေးကိစ္စ ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရ၊ အဖွဲ့အစည်းအသီးသီးနှင့် လူတိုင်းတွင် တာဝန်ရှိပါသည်။

### မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ပြည်တွင်း/ပြည်ပ သဘောတူစာချုပ်၊ ဥပဒေမူဘောင်များနှင့် မြန်မာနိုင်ငံအစိုးရ၏ကတိကဝတ်များ

- ၂၀၁၁ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားသည့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်၊
- ၂၀၁၁ ခုနှစ်တွင် အာဆီယံနိုင်ငံများအားလုံးက သဘောတူ ချမှတ်ခဲ့သည့် မသန်စွမ်းသူများဆိုင်ရာ ဘာလီကြေငြာချက်နှင့် မသန်စွမ်းသူများဆိုင်ရာ အာဆီယံဆယ်စုနှစ် လုပ်ငန်းစဉ် (၂၀၁၁-၂၀၂၀)၊

- ၂၀၁၂ ခုနှစ်တွင် အာရှ-ပစိဖိတ်နိုင်ငံများ၏ဝန်ကြီးများအစည်းအဝေးက တခဲနက် အတည်ပြုချမှတ်ခဲ့သည့် မသန်စွမ်းသူများဆိုင်ရာ အင်ချွန်မဟာဗျူဟာလုပ်ငန်းစဉ် (၂၀၁၃-၂၀၂၂)
- ၂၀၁၅ ခုနှစ်တွင် သဘောတူညီခဲ့သည့် လူ့အဖွဲ့အစည်းပြင်ပရောက် လူအုပ်စုများအတွက် ဂျကာတာ ကြေငြာချက်
- ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရက အတည်ပြု ပြဌာန်းခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊

## အစိုးရသက်တမ်း ငါးနှစ်အတွင်း မြန်မာနိုင်ငံ မသန်စွမ်းလူထုအတွက် ဦးစားပေးဆောင်ရွက်ပေးစေလိုသည့် မျှော်မှန်းချက် ၁၀ ချက်

### နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခြင်း

**မသန်စွမ်းအဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုချက်  (၁)**

မဲဆန္ဒရှင်စာရင်း ကောက်ယူပြုစုရာတွင် မသန်စွမ်းမှုအမျိုးအစားအလိုက် မသန်စွမ်းသူများ အချက်အလက် ထည့်သွင်းကောက်ယူ ဆောင်ရွက်ပါရန်နှင့် မသန်စွမ်းသူများ တန်းတူမဲပေးခွင့် အပြည့်အဝ ရရှိရေး စီစဉ်ဆောင်ရွက်ပေးပါရန်။

**အကောင်အထည်ဖော်ရမည့်နည်းလမ်းနှင့် တာဝန်ရှိ အဖွဲ့အစည်းများ**

| ဆောင်ရွက်ရျက်နှင့် နည်းလမ်း | တာဝန်ရှိ အဖွဲ့အစည်း |
|---|---|
| မဲဆန္ဒရှင်စာရင်း ကောက်ယူပြုစုရာတွင် မသန်စွမ်းမှု အမျိုးအစား (လှုပ်ရှားသွားလာမှု ခက်ခဲသူ၊ အမြင်အာရုံခက်ခဲသူ၊ အကြားအာရုံ ခက်ခဲသူ၊ အပြောအာရုံ ခက်ခဲသူ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းသူ၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းသူနှင့် မသန်စွမ်းမှုအမျိုးအစား တစ်ခုထက်မကရှိသူ) အလိုက် မသန်စွမ်းသူများ အချက်အလက် ထည့်သွင်း ကောက်ယူ ဆောင်ရွက်ပါရန်နှင့် ၄င်းအမျိုးအစား သတ်မှတ်ရေး အတွက် မသန်စွမ်းအဖွဲ့အစည်းများထံမှ အကြံဉာဏ်ရယူပါရန်။<br>(ဥပမာ- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းမှ ကွင်းဆင်းစာရင်းကောက်ယူသော မဲဆန္ဒရှင်အရေအတွက် မည်မျှတွင် မည်သည့် မသန်စွမ်းမှု အမျိုးအစားများ ရှိနေသည်ကို သိရှိခြင်းအားဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေရှိ မဲရုံတည်ဆောက်ရေး လုပ်ငန်းများနှင့် မဲပေးရေး အစီအစဉ်များအတွက် ကြိုတင်ပြင်ဆင်မှုနှင့် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |

| | |
|---|---|
| လုပ်ငန်းအစီအစဉ်များ စနစ်တကျ ကြိုတင်စီမံဆောင်ရွက်နိုင်ရေး အထောက်အကူ ဖြစ်မည်ဖြစ်သည်။ မသန်စွမ်းသူများ၏ တရင်းကိန်းဂဏန်း အချက်အလက်များ လက်ဝယ်ရှိခြင်းအားဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တိုင်းအတွက်များစွာ အကျိုးရှိရှိ အသုံးချနိုင်သည်။ | |
| မသန်စွမ်းသူများအားလုံး တန်းတူ မဲပေးခွင့်ရှိသည့် ရွေးကောက်ပွဲ ဥပဒေအဖြစ် ပြင်ဆင်ရေးဆွဲဆောင်ရွက်ပေးပါရန်။<br>(သီးခြားအားဖြင့် ရွေးကောက်ပွဲဥပဒေတွင် ပါရှိသော စိတ်ပေါ့သွပ်သူများ မဲပေးခွင့်မရှိ ဟူသောအချက်များကို ပယ်ဖျက်ပေးရန်) | ပြည်ထောင်စုလွှတ်တော် |
| လက်ရှိ ရွေးကောက်ပွဲနည်းဥပဒေ၊ မဲရုံလက်စွဲလမ်းညွှန်နှင့် ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များတွင် ပါရှိပြီးဖြစ်သော မသန်စွမ်းသူ အခွင့်အရေးများကို နိုင်ငံတဝှမ်း အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ အပါအဝင် နိုင်ငံသားအားလုံး တန်းတူမဲပေးခွင့်အပြည့်အဝ ရရှိရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ အသုံးစရိတ် ဘတ်ဂျက်အား လုံလောက်အောင် တိုးမြှင့်ချထားပေးပါရန်။ | ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ |

## တင်ပြတောင်းဆိုရသည့်အကြောင်းရင်းနှင့် နောက်ခံအခြေအနေ

၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူလူဦးရေ ၂.၃ သန်းခန့်ရှိပြီး ၄င်းတို့အနက် ၃ ပုံ ၂ ပုံခန့်ဖြစ်သော မသန်စွမ်းသူ ၁၅ သိန်းခန့်မှာ အသက် ၁၈ နှစ်အထက် မဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများ ဖြစ်သည်။

သို့သော် မဲဆန္ဒရှင်စာရင်း ကောက်ယူပြုစုရာတွင် မသန်စွမ်းသူများ၏ အချက်အလက် ထည့်သွင်းကောက်ယူမှု ပြည့်စုံလုံလောက်မှု မရှိခြင်းနှင့် မသန်စွမ်းသူများအတွက် အတားအဆီး ကင်းသော မဲပေးခွင့်ဆိုင်ရာ အစီအမံများ ဖြည့်ဆည်းဆောင်ရွက်ပေးမှု နည်းပါးခြင်းများကြောင့် မြန်မာနိုင်ငံသမိုင်းတလျှောက် မသန်စွမ်းသူများသည် ရွေးကောက်ပွဲများတွင် အပြည့်အဝ တန်းတူ မဲပေးခွင့် မရရှိခဲ့ကြပါ။ လွန်ခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း ရွေးကောက်ပွဲ ဆိုင်ရာ သတင်းအချက်အလက်များကို မသန်စွမ်းသူများ ကောင်းစွာမရရှိခြင်း၊ မဲဆန္ဒရှင်စာရင်း ပြုစုရာတွင် မသန်စွမ်းသူများ အချက်အလက်ထည့်သွင်းကောက်ယူမှုမရှိခြင်း၊ မသန်စွမ်းသူ အချို့တွင် နိုင်ငံသားမှတ်ပုံတင် လက်ဝယ်မရှိခြင်း၊ မဲစာရင်း ကပ်ထားသည့်နေရာများသည် မသန်စွမ်း သူများအတွက် လက်လှမ်းမီ လွယ်ကူအဆင်ပြေမှုမရှိခြင်း၊ မဲဆန္ဒရှင် ပညာပေးအစီအစဉ်များတွင် မသန်စွမ်းသူများ အပြည့်အဝပါဝင်ခွင့် မရရှိခြင်း၊ မဲရုံအများစုမှာ မသန်စွမ်းသူများအတွက် ထည့်သွင်း စဉ်းစားဆောင်ရွက်ထားမှု မရှိခြင်းနှင့် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်ရှိ ဝန်ထမ်း များအား မသန်စွမ်းသူများ မဲပေးခွင့်ဆိုင်ရာသင်တန်း မပေးထားခြင်းတို့ကြောင့် မသန်စွမ်းသူများ အများတန်းတူ မဲပေးခွင့် အပြည့်အဝ မရရှိခဲ့သည်ကို တွေ့ရှိရပါသည်။

### မြန်မာနိုင်ငံအစိုးရက လက်မှတ်ရေးထိုး အတည်ပြုထားသည့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်၊ အပိုဒ် (၂၉)တွင် -

စာချုပ်အဖွဲ့ဝင် နိုင်ငံများသည် မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ နယ်ပယ်များတွင် အများနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှု သေချာစေရန် အာမခံ စီမံ ဆောင်ရွက်ပေးရမည်။ မသန်စွမ်းသူများ၏ တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ် ခံပိုင်ခွင့်ရရှိမှု သေချာစေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

က) မဲပေးရေးလုပ်ငန်းအစီအစဉ်များ၊ အကူအညီပေးမှုများနှင့် အသုံးအဆောင်ပစ္စည်း များသည် မသန်စွမ်းသူများအတွက် သင့်လျော်အဆင်ပြေစေသည့် အနေအထား ဖြစ်စေရမည်။

ခ) ရွေးကောက်ပွဲနှင့် ပြည်သူ့ဆန္ဒခံယူပွဲတို့တွင် မသန်စွမ်းသူများအား လျှို့ဝှက်ဆန္ဒ မဲပေးနိုင်သည့် အခွင့်အရေးကို ခြိမ်းခြောက်ခံရခြင်း မရှိစေဘဲ ဆောင်ရွက်နိုင်ရန် ကာကွယ်ပေးရမည်။

ဂ) မသန်စွမ်းသူများအနေဖြင့် မဲထည့်ရာတွင် ၄င်းတို့စိတ်ကြိုက်ရွေးချယ် ခေါ်ဆောင် လာသော ပုဂ္ဂိုလ်၏ အကူအညီဖြင့် မဲထည့်ခြင်းကို ခွင့်ပြု၊ ကူညီရမည်။ ၄င်းအပြင် မသန်စွမ်းသူ များသည် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံရေး ပါတီများ၏ လှုပ်ရှားမှုများနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ရှိသည်ဟုလည်းကောင်း၊

အာဆီယံမသန်စွမ်းသူများ ဆယ်စုနှစ်လုပ်ငန်းစဉ်နှင့် ဘာလီကြေညာချက်ပါ မသန်စွမ်းသူများ နိုင်ငံရေးအရေးအရာများတွင် ပါဝင်ဆောင်ရွက်ခွင့်ဆိုင်ရာ အခွင့်အရေးများ ၏ အာဆီယံဦးစားပေးလုပ်ငန်းစဉ်-၆ တွင်

မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ ကိုယ်တိုင် ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့် အပါအဝင် နိုင်ငံရေးနယ်ပယ်တွင် အပြည့်အဝ ပါဝင်လာနိုင်စေရေး သေချာစွာ စီမံဆောင်ရွက်ပေးရန် ဟုလည်းကောင်း၊

ဘာလီကြေညာချက် အမှတ်စဉ်-၇ တွင်

မသန်စွမ်းသူများသည် ပြည်နယ်/တိုင်းအဆင့်နှင့် နိုင်ငံတော်အဆင့် နှစ်ရပ်လုံး တွင် နိုင်ငံရေးအရ တန်းတူညီတူဖြစ်မှုအပြင် ရွေးကောက်ပွဲများတွင် ဦးဆောင်ခွင့်၊ ပါလီမန်အမတ်များအဖြစ် ကိုယ်တိုင်ပါဝင် ဆောင်ရွက်နိုင်ခွင့်များ ရရှိရေးအတွက် လိုအပ်သည့် အထောက်အကူများရရှိရေး တိုက်တွန်း ဆောင်ရွက်သွားရန် ဟု လည်းကောင်း ဖော်ပြတိုက်တွန်း ထားပါသည်။

ထိုနည်းတူ ၂၀၁၅ ခုနှစ်၊ ဖွန်လတွင် ပြဌါန်းခဲ့သည့် မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေ အခန်း (၈)၊

ပုဒ်မ ၂၉ တွင် – ဥပဒေအရဆန္ဒမဲပေးပိုင်ခွင့်ရှိသော မသန်စွမ်းသူတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်အတွက် လျှို့ဝှက်ဆန္ဒမဲပေးခွင့် ရှိသည်ဟုလည်းကောင်း၊

ပုဒ်မ ၃၀ တွင် – မသန်စွမ်းသူ နိုင်ငံသားတိုင်းသည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးချယ်ခံပိုင်ခွင့် ရှိသည်ဟုလည်းကောင်း၊

ပုဒ်မ ၃၁ တွင် – အမျိုးသားကော်မတီသည်

(က) မသန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေလွယ်ကူစေရန် ဆန္ဒမဲပေး ရာ၌ အသုံးပြုရမည့်ပစ္စည်း ကိရိယာများနှင့် ဆန္ဒမဲပေးပုံပေးနည်းများကို မသန်စွမ်း သူများ သိရှိနိုင်ရန်နှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေအလိုက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်နိုင်ရန် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သော စီမံဆောင်ရွက်မှုများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည် ဟုလည်းကောင်း အသီးသီး ပြဌာန်းထားပါသည်။

## ရရှိလာမည့် အကျိုးကျေးဇူး

**နိုင်ငံတော်အနေဖြင့် ဤသို့ စီမံဖော်ဆောင်ခြင်းအားဖြင့် နိုင်ငံအတွင်းရှိ ၂.၃ သန်းခန့်ရှိသော မသန်စွမ်းသူများအနက် ၃ ပုံ ၂ ပုံခန့်ဖြစ်သော မသန်စွမ်းသူ ၁၅ သိန်းခန့်မှာ အများတန်းတူ မဲပေးခွင့် ရရှိလာမည်ဖြစ်ပြီး နိုင်ငံတော်၏ အနာဂတ်ကံကြမ္မာကို ဖန်တီးရာတွင် အုပ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။**

**ထို့အပြင် နိုင်ငံရေးနှင့် ရွေးကောက်ပွဲနယ်ပယ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးကို လေးစားတန်ဖိုးထား ဆောင်ရွက်ပေးသော နိုင်ငံနှင့်လူမျိုးအဖြစ် အခြားနိုင်ငံများက ပိုမိုအားကျ၊ အတုယူလာကြမည်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် အသိအမှတ်ပြု မှတ်ကျောက်တင်ခံရမည် ဖြစ်ပါသည်။**






## လွယ်လင့်တကူ လက်လှမ်းမီ ရယူသုံးစွဲနိုင်သော အများပြည်သူသုံးဝန်ဆောင်မှုများ

## မသန်စွမ်းအဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုချက် (၂)

အများပြည်သူသုံးအဆောက်အဦ၊ အများပြည်သူသုံးနေရာများနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများတွင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်သားသည်မိခင်များပါ လက်လှမ်းမီ လွယ်ကူစွာ သွားလာအသုံးပြုနိုင်ရေးအတွက် မူဝါဒတစ်ရပ်ချမှတ် ပြဋ္ဌာန်းဆောင်ရွက်ပေးပါရန်။





## မသန်စွမ်းအဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုချက် (၃)

မသန်စွမ်းသူများအပါအဝင် အများပြည်သူအားလုံးအတွက် လှုပ်ရှားသွားလာမှု လွယ်ကူအဆင်ပြေပြီး အတားအဆီးကင်းသော စံပြမြို့နယ်တစ်ခု ဖော်ဆောင်ပေးပါရန်။ (ရန်ကုန်တိုင်းဒေသကြီးအတွင်း)

**အကောင်အထည်ဖော်ရမည့်နည်းလမ်းနှင့် တာဝန်ရှိ အဖွဲ့အစည်းများ**

| ဆောင်ရွက်ချက်နှင့် နည်းလမ်း | တာဝန်ရှိ အဖွဲ့အစည်း |
| --- | --- |
| အများပြည်သူသုံးနေရာများနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများတွင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင် သားသည်မိခင်များပါ လက်လှမ်းမီ လွယ်ကူစွာ သွားလာအသုံးပြုနိုင်ရေးဆိုင်ရာ မူဝါဒတစ်ရပ် အမြန်ဆုံး ရေးဆွဲပြဋ္ဌာန်း အတည် ပြုပေးပါရန်။ | ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် (သို့) ပြည်ထောင်စုလွှတ်တော် (မသန်စွမ်း အဖွဲ့အစည်းများနှင့် ပူးပေါင်း၊ အကြံဉာဏ် ရယူဆောင်ရွက်ပါရန်) |
| ယင်းမူဝါဒအား ပြည်ထောင်စုအစိုးရမှ အမိန့်ဒီဂရီတစ်ရပ်အဖြစ် ထုတ်ပြန်ကြေငြာ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေး ကော်မတီများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အာဏာပိုင်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ဌာနများအား အကောင်အထည်ဖော်ရေး လမ်းညွှန်တိုက်တွန်းရန်။ | အထူးသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌါန၊ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေး ကော်မတီများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ အားလုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အာဏာပိုင်အဖွဲ့အစည်းအားလုံး၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအားလုံး၊ |
| ဤမူဝါဒအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မသန်စွမ်း အဖွဲ့အစည်းများထံမှ အကြံဉာဏ်ရယူ၍ လုပ်ငန်းအ ထောက်အကူပြု Accessibility Guideline ပြုစု ဆောင်ရွက်ရန်။ | သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ အားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အာဏာပိုင်အဖွဲ့အစည်းအားလုံး၊ စည်ပင်သာယာရေး ကော်မတီများ (မသန်စွမ်း အဖွဲ့အစည်းများနှင့် ပူးပေါင်း၊ အကြံဉာဏ်ရယူ ဆောင်ရွက် |

| | |
|---|---|
| ဤမူဝါဒအား အမှန်တကယ် လိုက်နာအကောင်အထည်ဖော်ဆောင်မှု ရှိ/မရှိ စောင့်ကြည့်ရန် နှင့် အရေးယူရန်။ | ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် တရားရေးဆိုင်ရာ ဌာနများ။ |
| မသန်စွမ်းသူများ အပါအဝင် အများပြည်သူအားလုံးအတွက် လှုပ်ရှားသွားလာမှု လွယ်ကူအဆင်ပြေပြီး အတားအဆီးကင်းသော စံပြမြို့နယ်တစ်ခု ဖော်ဆောင်ပေးပါရန်။ (ရန်ကုန်တိုင်းဒေသကြီးအတွင်း) | ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာ ရေးဝန်ကြီးဌာန၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ မိဘပြည်သူများ |

## တင်ပြတောင်းဆိုရသည့်အကြောင်းရင်းနှင့် နောက်ခံအခြေအနေ

ယနေ့ခေတ် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများတွင် မြို့ပြနှင့် အများပြည်သူ ဝန်ဆောင်မှုများ ဖန်တီးဖော်ဆောင်ရာ၌ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်သားသည်မိခင်များအပါအဝင် ပြည်သူအားလုံး လက်လှမ်းမီ လွယ်ကူစွာ သွားလာအသုံးပြုနိုင်ရေးအတွက် နိုင်ငံအစိုးရများအနေဖြင့် ဥပဒေ မူဝါဒများချမှတ်၍ အစီအမံများ တပါတည်း ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိပါသည်။

ဥပမာ - အများပြည်သူသုံးနေရာများဖြစ်သည့် အိမ်ရာများ၊ စာသင်ကျောင်းများ၊ လေဆိပ်များ၊ ရုံးများ၊ ဆေးရုံများ၊ ပန်းခြံများ၊ ရုပ်ရှင်ရုံများ၊ ဈေးဝယ်စင်တာများ၊ လျှောက်လမ်းပလက်ဖောင်းများ၊ လမ်းဆုံမီးပွိုင့်များ၊ လူကူးမျဉ်းကျားများ၊ ဘူတာရုံများနှင့် သယ်ယူပို့ဆောင်ရေယာဉ်/ရထားများတွင် Universal Design စံသတ်မှတ်ချက်ဖြင့် လူတိုင်း ဂုဏ်သိက္ခာရှိစွာ လက်လှမ်းမီ သွားလာသုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ Barrier-Free City များ၊ Accessible Public Building များ မြောက်များစွာ ပေါ်ထွက်လာခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတော်အတွင်းရှိ ၂.၃ သန်းခန့်ရှိသော မသန်စွမ်း လူထုအတွက် အခွင့်အရေးများ ဖော်ဆောင်ပေးရန် ကတိကဝတ်ပြုလျက် မသန်စွမ်းသူများ အခွင့်အရေး

ဆိုင်ရာ ကုလသမဂ္ဂကွန်ဗန်းရှင်းကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇)ရက်နေ့တွင် ပါဝင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ ၎င်းကွန်ဗန်းရှင်း၏ အခန်း (၉)တွင် အများပြည်သူသုံးနေရာများနှင့် သယ်ယူပို့ဆောင်ရေးအစီအစဉ်များ၌ မသန်စွမ်းသူများအတွက်ပါ တပါတည်း ထည့်သွင်း ဆောင်ရွက်ရန် တိုက်တွန်းထားသည်။

၎င်းအပြင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံအစိုးရက ပါဝင်သဘောတူညီ ကတိကဝတ်ပြုထားသည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အင်ချွန်မဟာဗျူဟာ လုပ်ငန်းစဉ်၊ ရည်မှန်းချက်ပန်းတိုင် (၃)တွင်လည်း မသန်စွမ်းသူများ အတွက် ယင်းကိစ္စရပ်များ ဆောင်ရွက် ပေးရန် သဘောတူညီထားသည်။

တဖန် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ၂၀၁၅ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့တွင် မသန်စွမ်း သူများ အခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ်ရေးဆွဲပြဌာန်း၍ ယင်းဥပဒေ၏ အခန်း(၇)တွင် သက်ဆိုင် ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများအနေဖြင့် အများပြည်သူသုံးနေရာများနှင့် ဝန်ဆောင်မှုများ ဖော်ဆောင်ရာတွင် မသန်စွမ်း သူများအတွက်ပါ တပါတည်း ထည့်သွင်းဆောင်ရွက်ရန် ပြဌာန်းထားသည်။

ဤသို့ မသန်စွမ်းသူများအတွက် ထည့်သွင်းစီမံဆောင်ရွက်ပေးခြင်းအားဖြင့် အခြား တစ်ဘက်တွင် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်သားသည်မိခင်များနှင့် အများပြည်သူ အားလုံးအတွက် လှုပ်ရှားသွားလာမှု လွယ်ကူအဆင်ပြေလာမည်ကို တွေ့ရမည်ဖြစ်သည်။

## ရရှိလာမည့် အကျိုးကျေးဇူး

နိုင်ငံတော်အနေဖြင့် ဤသို့ စီမံဖော်ဆောင်ခြင်းအားဖြင့် နိုင်ငံတဝှမ်းရှိ ၅.၅ သန်းခန့်ရှိ သော မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင် သားသည်မိခင်များသည် လူ့ဂုဏ်သိက္ခာရှိစွာဖြင့် တန်းတူအခွင့်အရေးရပြီး အများပြည်သူသုံးနေရာများ/ဝန်ဆောင်မှုများကို ပျော်ရွှင်စိတ်ချမ်းမြေ့ လွယ်ကူအဆင်ပြေစွာ လက်လှမ်းမီ သွားလာ သုံးစွဲနိုင်ကာ နိုင်ငံနှင့် ပြည်သူ့ ရေးရာ ကဏ္ဍာနယ်ပယ်များတွင် ပိုမိုကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၎င်းအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မသန်စွမ်းသူများအပါအဝင် အများပြည်သူ အားလုံးအတွက် လှုပ်ရှားသွားလာမှု လွယ်ကူအဆင်ပြေပြီး အတားအဆီးကင်းသော စံပြမြို့နယ်

တစ်ခု အလျင်အမြန် ပေါ်ပေါက်လာပြီး အခြားမြို့နယ်များကလည်း အတုယူ ဆက်လက်အကောင်အထည်ဖော်လာနိုင်မည်ဖြစ်သည်။

ဤသို့ မိမိလူ့အဖွဲ့အစည်းနှင့် တိုင်းပြည်အတွင်းရှိ မသန်စွမ်းသူများနှင့်ပြည်သူများ၏ လွယ်ကူစွာ လှုပ်ရှားသွားလာခွင့်ကို အပြည့်အဝ ဖော်ဆောင်ပေးခြင်းအားဖြင့် နိုင်ငံတကာနှင့် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ဂုဏ်လည်း တိုးတက်လာကာ အများအသိအမှတ်ပြု မှတ်ကျောက်တင်ခံလာရမည် ဖြစ်ပါသည်။








အများသုံးသန့်စင်ခန်း Public Toilet
LADY

## မသန်စွမ်းအဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုချက် (၄)

နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ အရေးကိစ္စ ထည့်သွင်းစီမံ၊ မူဝါဒချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်။





## မသန်စွမ်းအဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုချက် (၅)

နိုင်ငံတော်အစိုးရ၏နှစ်စဉ် ချမှတ်သုံးစွဲသည့် ဘတ်ဂျက်ခွဲတမ်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှင့် မသန်စွမ်းသူများအတွက် ဘတ်ဂျက် ရာခိုင်နှုန်းတိုးမြှင့် သုံးစွဲပေးပါရန်။

## မသန်စွမ်းအဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုချက် (၆)

ဆင်းရဲနွမ်းပါးသော မသန်စွမ်းသူများနှင့် မသန်စွမ်းမှုပြင်းထန်စွာ ခံစားနေရသူများအတွက် လူမှုဖူလုံရေး ထောက်ပံ့ကြေး အစီအစဉ်တစ်ရပ် ရေးဆွဲပြဌာန်း ဆောင်ရွက်ပေးပါရန်။

## အကောင်အထည်ဖော်ရမည့်နည်းလမ်းနှင့် တာဝန်ရှိ အဖွဲ့အစည်းများ

| ဆောင်ရွက်ချက်နှင့် နည်းလမ်း | တာဝန်ရှိ အဖွဲ့အစည်း |
|---|---|
| နိုင်ငံတော်အစိုးရ၏ နှစ်စဉ် ချမှတ်သုံးစွဲသည့် ဘတ်ဂျက်ခွဲတမ်းတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်မသန်စွမ်းသူများအတွက်ဘတ်ဂျက်ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲပေးရေး အစိုးရသို့တိုက်တွန်းကြောင်းအဆိုတစ်ရပ်တင်ပေးပါရန်။ | ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော် (သို့) ပြည်ထောင်စုလွှတ်တော် |
| နိုင်ငံတော်ဘတ်ဂျက်နှစ်စဉ်လျာထားသတ် မှတ်ရာတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မသန်စွမ်းသူများအတွက် ရာခိုင်နှုန်းတိုးမြှင့် ရေးဆောင်ရွက် ပေးပါရန်။ | ဘတ်ဂျက်ကော်မတီ၊ ပြည်သူ့လွှတ်တော် |
| နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင်မသန်စွမ်းသူများအရေးကိစ္စ ထည့်သွင်းစီမံ၊ မူဝါဒချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်။ | ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ |
| ဆင်းရဲနွမ်းပါးသော မသန်စွမ်းသူများနှင့် မသန် စွမ်းမှုပြင်းထန်စွာခံစားနေရသူများ အတွက် လူမှုဖူလုံရေးထောက်ပံ့ကြေး အစီအစဉ်တစ်ရပ် ရေးဆွဲပြဌာန်း ဆောင်ရွက်ပေးပါရန်။ | ပြည်ထောင်စုလွှတ်တော်၊ လူမှုဝန်ထမ်း၊ ကယ် ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန |

## တင်ပြတောင်းဆိုရသည့်အကြောင်းရင်းနှင့် နောက်ခံအခြေအနေ

မြန်မာနိုင်ငံသည် လူဦးရေ ၅၁ သန်းကျော်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းမြင့်မားသော်လည်း အရှေ့တောင်အာရှတွင် လူမှုရေးနှင့် လူမှုဖူလုံရေး အတွက် နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်သုံးစွဲမှု အနည်းဆုံး နိုင်ငံများတွင် ပါဝင်နေပါသည်။ ထို့နည်းတူ နိုင်ငံသားများ၏လူနေမှုအဆင့်အတန်း အနိမ့်ပါးဆုံးနှင့် ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံး နိုင်ငံများ စာရင်းတွင်လည်း ပါဝင်နေပါသည်။

နိုင်ငံအတွင်း အမှန်တကယ် ဆင်းရဲနွမ်းပါးသူ လူတန်းစား/လူအုပ်စုများကို လေ့လာ စစ်တမ်းကောက်ယူကြည့်လျှင် မသန်စွမ်းသူများနှင့် မသန်စွမ်းမိသားစု အများစုက ဆင်းရဲနေကြ သည်ကို တွေ့ရမည်ဖြစ်သည်။ ရပ်ရွာလူထု အခြေပြု ပြန်လည်ထူထောင်ရေး လမ်းညွှန်သစ် (၂၀၁၀)၏ ထုတ်ပြန်ဖော်ပြချက်အရ ကမ္ဘာ့ဆင်းရဲမွဲတေသူ ၁၅ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်သည် မသန်စွမ်းသူများ ဖြစ်နေပါသည်။ မြန်မာနိုင်ငံတွင်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးဝန်ကြီးဌာန၏ မသန်စွမ်းသူများဆိုင်ရာ နိုင်ငံတော်စစ်တမ်း (၂၀၁၀) ထုတ်ပြန်ချက် အရ မသန်စွမ်းသူ ၈၅ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့ဖြစ်နေခြင်း၊ မသန်စွမ်းအိမ်ထောင်မိသားစု ၅၄ ရာခိုင်နှုန်းမှာ သုံးနှစ်ထက်ပိုမခံသည့် ဝါးတဲအိမ်ငယ်များဖြင့် နေထိုင်ရခြင်းနှင့် မသန်စွမ်း အိမ်ထောင်စု ၆၂.၅ ရာခိုင်နှုန်းမှာ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု လုံးဝမရှိခြင်းတို့ကို တွေ့ရှိရပေရာ မသန်စွမ်းသူ အများစုမှာ အမှန်တကယ် ဆင်းရဲနေသည်ကို တွေ့ရှိရပါသည်။

အခြားတစ်ဘက်တွင်လည်း မသန်စွမ်းမှုဖြစ်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှုဖြစ်ခြင်းတို့မှာ မုန့်လုံး စက္ကူကပ်သကဲ့သို့ ဆက်စပ် သံသရာ လည်နေသည်ကို တွေ့ရသည်။ လူတိုင်းသည် အကြောင်းတစ်ခုခုကြောင့် မသန်စွမ်းသူဖြစ်လာလျှင် ပညာသင်ကြားခွင့် တန်းတူ မရရှိခြင်း၊ အလုပ်အကိုင် မရရှိခြင်းနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန် အခွင့်အလမ်း/ပံ့ပိုးမှုများ မရှိခြင်းတို့ကြောင့် ဆင်းရဲသွားနိုင်သည်။ ဆင်းရဲနွမ်းပါးသူတိုင်းသည်လည်း အဟာရပြည့်ဝစွာ မဖြည့်ဆည်းနိုင်ခြင်းမှတဆင့် ရောဂါဘယများ ဖြစ်ပွားခြင်း၊ ရောဂါအား အချိန်မီ မကုသနိုင်ခြင်းနှင့် အန္တရာယ်များသော လုပ်ငန်းခွင်များတွင် သက်စွန့်ဆံဖျား အလုပ်လုပ်ကိုင်ရခြင်းကြောင့် မတော်တဆ ထိခိုက်ဒဏ်ရာ ရရှိခြင်းမှတဆင့် ခြေလက်အင်္ဂါများ စွန့်လွှတ်ရခြင်း စသည်တို့ကြောင့် အချိန်မရွေး မသန်စွမ်းသူ ဖြစ်သွားနိုင်သည်။ မသန်စွမ်းသူများ အရေးကိစ္စကို မဆောင်ရွက်လျှင် နိုင်ငံအတွင်း ဆင်းရဲသူလူတန်းစားများ များပြားနေဦးမည်သာဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင်လည်း မသန်စွမ်းသူများအရေးကိစ္စကို နောက်မှ သီးသန့် လုပ်မည်၊ နိုင်ငံချမ်းသာမှ လုပ်မည်၊ ဝန်ကြီးဌာနများတွင် ဦးစားပေးလုပ်ရမည့်လုပ်ငန်းစဉ်များ ပြည့်နေ၍ မလုပ်နိုင်သေး၊ သာမာန်လူများအတွက်သာ အရင် လုပ်ဦးမည် စသည်ဖြင့် အကြောင်းအမျိုးမျိုးပြလျက် လျစ်လျူရှု ငြင်းပယ်နေပါက ဘယ်သောအခါမှ မသန်စွမ်းသူများ အခွင့်အရေး ရရှိလာတော့မည်မဟုတ်ပါ။ နိုင်ငံတော်က မည်သည့်လုပ်ငန်းစဉ်ပဲ လုပ်လုပ် မသန်စွမ်းလူထုအရေးကိစ္စကို တပါတည်း ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်သည်။ အမျိုးသမီးအရေး ကိစ္စ လုပ်လျှင် မသန်စွမ်းအမျိုးသမီးများအတွက် တပါတည်း ပါရှိရမည်။ ကလေးသူငယ်ကိစ္စ လုပ်လျှင် မသန်စွမ်းကလေးငယ်များ ကိစ္စ ပါဝင်ရမည်။ ပညာရေးကိစ္စ/အလုပ်အကိုင် အခွင့်အလမ်း ကိစ္စ လုပ်လျှင်လည်း မသန်စွမ်းသူများအတွက်ပါ ထည့်သွင်း စီမံဖော်ဆောင်ရမည် ဖြစ်သည်။ ထိုနည်းတူ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးလုပ်ငန်းနှင့် နိုင်ငံတော်ဘတ်ဂျက် ခွဲဝေသုံးစွဲရေး ကိစ္စရပ်များတွင်လည်း မသန်စွမ်းသူများအတွက် တပါတည်း ထည့်သွင်း ဖော်ဆောင်သင့်ပါသည်။

မြန်မာနိုင်ငံ၏ လူမှုဝန်ထမ်းလုပ်ငန်းများအတွက် သုံးစွဲနေသော လက်ရှိဘတ်ဂျက်သည် ၁ ရာခိုင်နှုန်းခန့်သာရှိပြီး အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်လျှင် လွန်စွာ နည်းပါးနေသည်ကို ဝမ်းနည်းစွာ တွေ့ရပါသည်။

တချိန်တည်းတွင် မသန်စွမ်းသူများစွာမှာ အလုပ်အကိုင်အခွင့်အလမ်းများ တန်းတူမရရှိခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ယူခွင့်မရရှိခြင်းနှင့် နိုင်ငံတော်အစိုးရနှင့် လူမှုအဖွဲ့ အစည်းများ၏ပံ့ပိုးမှု အားနည်းခြင်းမှတဆင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို လက်လှမ်း မမှီနိုင် ဖြစ်နေကြခြင်းတို့ကြောင့် ၄င်းတို့၏ ဝမ်းစာရှာဝင်ငွေရှာဖွေနိုင်မှုနှင့် ဘဝရပ်တည်နိုင်မှုတို့မှာ လွန်စွာခဲယဉ်းလျက် ရှိနေပါသည်။

ကမ္ဘာ့နိုင်ငံများစွာနှင့် အိမ်နီးချင်းနိုင်ငံများတွင် မသန်စွမ်းသူများ လူ့ဂုဏ်သိက္ခာ ပြည့်ဝစွာ ဖြင့် ဘဝရပ်တည်နိုင်ရန်အတွက် လူမှုဖူလုံရေး လစဉ်ထောက်ပံ့ကြေး ပံ့ပိုးသည့်အစီအစဉ် ဆောင်ရွက်ပေး လျက်ရှိသည်ကို ဝမ်းသာဖွယ်ရာ တွေ့ရှိနေရပါသည်။ ဂျပန်နိုင်ငံတွင် မသန်စွမ်းသူ တစ်ဦးလျှင် တစ်လ ယန်း ၃၀၀၀၀ မှ ၁၄၀၀၀၀ အကြားလည်းကောင်း၊ ထိုင်းနိုင်ငံတွင် မသန်စွမ်း သူတစ်ဦးလျှင် တစ်လ ဘတ်၈၀၀အားလည်းကောင်း၊ မလေးရှားနိုင်ငံတွင် မသန်စွမ်းသူ တစ်ဦး လျှင် ရင်းဂစ် ၃၅၀အားလည်းကောင်း အသီးသီးထောက်ပံ့ပေးနေပါသည်။ နိုင်ငံ အသီးသီးသည် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ဘတ်ဂျက်ခွဲတမ်းကို နိုင်ငံသား မသန်စွမ်းသူများနှင့်သက်ကြီးရွယ်အိုများအတွက်ပါ မျှဝေသုံးစွဲကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

### ရရှိလာမည့် အကျိုးကျေးဇူး

နိုင်ငံတော်အနေဖြင့် ဤသို့ စီမံဖော်ဆောင်ခြင်းအားဖြင့် နိုင်ငံအတွင်းရှိ ၂.၃ သန်းခန့်ရှိသော မသန်စွမ်းသူများနှင့် ၇ သန်းခန့်ရှိသော ၎င်းတို့၏မိသားစုဝင်များသည် ဆင်းရဲတွင်းမှ လွတ်ကင်းရုန်းထွက်နိုင်ပြီး လူ့ဂုဏ်သိက္ခာရှိစွာဖြင့် လူနေမှုဘဝအဆင့်အတန်းများ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်အစိုးရ၏ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးလုပ်ငန်း ရည်မှန်းချက်များ ရာနှုန်းပြည့် အောင်မြင်လာပြီး မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများ စာရင်းမှ လွတ်မြောက်လာမည်ဖြစ်သည်။ မသန်စွမ်းသူများနှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို လေးစားတန်ဖိုးထား ဆောင်ရွက်ပေးသော နိုင်ငံနှင့်လူမျိုးအဖြစ် ကမ္ဘာ့အလယ်တွင် အသိအမှတ်ပြု မှတ်ကျောက်တင်ခံရမည်ဖြစ်ပါသည်။



## ဥပဒေ မူဝါဒများအား အကောင်အထည်ဖော်ခြင်း

### မသန်စွမ်းအဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုချက် (၇)

မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ၊ အခန်း (၃)ပါ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီအား အမြန်ဆုံးဖွဲ့စည်း၍ ဥပဒေပါ လုပ်ငန်းတာဝန်များအား ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်။

### မသန်စွမ်းအဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုချက် (၈)

မသန်စွမ်းသူများ၏အခွင့်အရေး နည်းဥပဒေအား အမြန်ဆုံး ရေးဆွဲပြဌာန်း ဆောင်ရွက်ပေးပါရန်။

### အကောင်အထည်ဖော်ရမည့်နည်းလမ်းနှင့် တာဝန်ရှိ အဖွဲ့အစည်းများ

| ဆောင်ရွက်ချက်နှင့် နည်းလမ်း | တာဝန်ရှိ အဖွဲ့အစည်း |
|---|---|
| မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ အခန်း (၃)ပါ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသား ကော်မတီအား အမြန်ဆုံး ဖွဲ့စည်း၍ ဥပဒေပါ လုပ်ငန်းတာဝန်များအား ထိထိ ရောက်ရောက် အကောင်အထည်ဖော် ဆောင် ရွက်ပေးပါရန်။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန |
| မသန်စွမ်းအဖွဲ့အစည်းများ၊ ပညာရှင် အဖွဲ့ အစည်းများ၏ အကြံဉာဏ်နှင့် ပူးပေါင်းပါဝင်မှုကို ဖိတ်ခေါ်၍ မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေအား အမြန်ဆုံး ရေးဆွဲပြဌာန်း ဆောင် ရွက်ပေးပါရန်။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန |

## တင်ပြတောင်းဆိုရသည့်အကြောင်းရင်းနှင့် နောက်ခံအခြေအနေ

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ၎င်း၏နောက်ဆက်တွဲအဖြစ် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀ ဖြင့် မြန်မာနိုင်ငံ၊ မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကို အောက်ပါရည်ရွယ်ချက်ကောင်းများဖြင့် ပြဋ္ဌာန်းထားပါသည်။

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကိုပိုမို၍ ကြည့်ရှုစောင့်ရှောက်နိုင်ရန်၊

(ခ) ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗန်းရှင်းပါပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံသားများခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူ အားလုံး တန်းတူညီမျှ အပြည့်အဝရရှိစေရန်၊

(ဃ) နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာ စသည့်နယ်ပယ်အသီးသီးတွင် အခြားသူများနှင့်တန်းတူ လူမှုအဖွဲ့အစည်းတွင် ပေါင်းစည်း ပါဝင်နိုင်ရန်၊

(င) မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန်၊

(စ) မသန်စွမ်းသူများ၏ လူနေမှုဘဝလုံခြုံစိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်၊

(ဆ) မသန်စွမ်းသူများအား နယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုများ လျော့နည်းပပျောက်စေရန်နှင့် ထိုသို့ခွဲခြားဆက်ဆံမှုများ မပြုစေရေးအတွက် ဥပဒေအရ ကာကွယ်ပေးရန်၊

(ဇ) မသန်စွမ်းသူများကို နိုင်ထက်စီးနင်းအကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှုအမျိုးမျိုး အပါအဝင် အလွဲသုံးခံရမှု ၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်ပေးရန်နှင့် မသန်စွမ်းသူ အမျိုးသမီးနှင့် ကလေးများကို အထူးကာကွယ်ပေးရန်၊

(ဈ) မိဘမဲ့၊ ခိုကိုးရာမဲ့နှင့် မသန်စွမ်းမှုတစ်ခုထက်ပို၍ ခံစားနေရသော မသန်စွမ်းသူများကို မသန်စွမ်းမှု အမျိုးအစားအလိုက် နိုင်ငံတော်က အထူးစောင့်ရှောက်ကူညီပေးရန်၊

ယင်းဥပဒေကို အခန်းပေါင်း ၁၇ ခန်း၊ ပုဒ်မပေါင်း ၉၄ ခုဖြင့် အတည်ပြုထားခြင်းဖြစ်ပြီး နိုင်ငံအတွင်းရှိ ၂.၃ သန်းခန့်ရှိသော မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်/မြှင့်တင်ပေးရန် ဖြစ်ပါသည်။ သို့သော် နည်းဥပဒေ ရေးဆွဲမပြဋ္ဌာန်းနိုင်သေးသည့်အတွက် နိုင်ငံတဝှမ်းရှိ မသန်စွမ်းသူများမှာ ဥပဒေပါ တာဝန်နှင့် ရပိုင်ခွင့်များကို နေ့စဉ်နှင့်အမျှ လက်လွှတ်ဆုံးရှုံးနေရပါသည်။ ဤအခြေအနေများကို ကျော်လွှားနိုင်ရေးအတွက် ဥပဒေ၏ အခန်း ၃ ပါ နိုင်ငံတော်၏ ဒုသမ္မတ ဦးဆောင်သည့် မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ အမြန်ဆုံး ဖွဲ့စည်းပေါ်ပေါက်လာရေးနှင့် နည်းဥပဒေ အမြန်ဆုံး ထွက်ရှိလာရေးမှာ လွန်စွာ လိုအပ်လျက်ရှိပါသည်။

## ရရှိလာမည့် အကျိုးကျေးဇူး

ဤသို့ မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ၊ အခန်း (၃) ပါ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသား ကော်မတီအား အမြန်ဆုံး ဖွဲ့စည်းခြင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေအား အမြန်ဆုံး ရေးဆွဲပြဋ္ဌာန်းခြင်းတို့ ဆောင်ရွက်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံတဝှမ်းရှိ ၂.၃ သန်းခန့်ရှိသော မသန်စွမ်းသူများမှာ ဥပဒေပါ တာဝန်နှင့် ရပိုင်ခွင့်များကို အပြည့်အဝ ရရှိခံစား/ဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး လူ့အဖွဲ့အစည်းအတွင်း မသန်စွမ်းသူများကို ခွဲခြားဆက်ဆံနေသည့်အလေ့အထများလည်း လျော့နည်းပပျောက်လာကာ တရားဥပဒေစိုးမိုးမှု၏ အရိပ်အောက်တွင် မသန်စွမ်းသူများလည်း ဂုဏ်သိက္ခာရှိစွာ ဘဝရပ်တည် နေထိုင်လာနိုင်မည်ဖြစ်သည်။ ၎င်းအပြင် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများကြားတွင်လည်း မသန်စွမ်းသူများကို ပစ်ပယ်မထားသော၊ မသန်စွမ်းလူထုနှင့် လူ့အခွင့်အရေးကို လေးစားဆောင်ရွက်ပေးသော ဂုဏ်ယူစရာကောင်းသည့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအဖြစ် အသိအမှတ်ပြု မှတ်ကျောက်တင်လာမည် ဖြစ်ပါသည်။

## မသန်စွမ်းအဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုချက် (၉)

မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်း သေချာစွာ ရရှိလာရေးအတွက် ဝေပုံကျခွဲတမ်း စနစ်ဖြင့် အလုပ်ခန့်အပ်ပေးသည့် ရာခိုင်နှုန်းတစ်ခု အမြန်ဆုံး သတ်မှတ် ပြဋ္ဌာန်း ဆောင်ရွက်ပေးပါရန်။

### အကောင်အထည်ဖော်ရမည့်နည်းလမ်းနှင့် တာဝန်ရှိ အဖွဲ့အစည်းများ

| ဆောင်ရွက်ချက်နှင့် နည်းလမ်း | တာဝန်ရှိ အဖွဲ့အစည်း |
|---|---|
| မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ အခန်း (၃)ပါ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသား ကော်မတီအား အမြန်ဆုံး ဖွဲ့စည်း ဆောင်ရွက်ပေးပါရန်။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန |
| အလုပ်သမားဝန်ကြီးဌာန၊ မသန်စွမ်း အဖွဲ့အစည်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း၍ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်း သေချာစွာ ရရှိလာရေး အတွက် ဝေပုံကျခွဲတမ်းစနစ်ဖြင့် အလုပ်ခန့်အပ်ပေးသည့် ရာခိုင်နှုန်းတစ်ခု အမြန်ဆုံး သတ်မှတ် ပြဋ္ဌာန်း ဆောင်ရွက်ပေးပါရန်။ | မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ၊ အခန်း (၃)အရ ဖွဲ့စည်းမည့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသား ကော်မတီ၊ |
| သတ်မှတ်ပြဋ္ဌာန်းထားသည့် ဝေပုံကျ ခွဲတမ်း အတိုင်း အလုပ်ခန့်အပ်မှုရှိ/မရှိ စောင့်ကြည့်ရန် နှင့် အရေးယူရန်။ | မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသား ကော်မတီ၊ မသန်စွမ်း အဖွဲ့အစည်း များနှင့် တရားရေးဆိုင်ရာ ဌာနများ။ |

### တင်ပြတောင်းဆိုရသည့်အကြောင်းရင်းနှင့် နောက်ခံအခြေအနေ

မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လူ့အဖွဲ့အစည်း အတွင်း ဆင်းရဲနေသူ/ဝင်ငွေမရှိသူ အများစုမှာ မသန်စွမ်းသူများဖြစ်နေပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ မသန်စွမ်းသူများဆိုင်ရာ နိုင်ငံတော်

**စစ်တမ်း (၂၀၁၀) ထုတ်ပြန်ချက်အရ မသန်စွမ်းသူများ၏ ၈၅ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များဖြစ်နေသည်ကို တွေ့ရှိရသည်။ မသန်စွမ်းသူများသည် အလုပ်လုပ်ရန် ဆန္ဒပြင်းပြကြပြီး စွမ်းဆောင်နိုင်မှုများ ရှိကြသော်လည်း ၎င်းတို့ဘဝတွင် ပညာသင်ကြားခွင့် အပြည့်အဝ မရရှိခဲ့ခြင်း၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာနှင့် ဘဝတစ်သက်တာ ကျွမ်းကျင်မှု ပညာများ ဆည်းပူးတတ်မြောက်ခွင့် မရရှိခြင်း၊ လုပ်ငန်းခွင်သို့ သွားရောက်သည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်/ရထားများသည် မသန်စွမ်းသူများအတွက် အဆင်မပြေခြင်း၊ အလုပ်ခွင်များတွင် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ ရှိနေခြင်း၊ အလုပ်ရှင်အများစု၏ ငြင်းပယ်ခွဲခြားဆက်ဆံမှုနှင့် အလုပ်ခန့်အပ်သည့်မူဝါဒ စနစ်အချို့ကြောင့် မသန်စွမ်းသူများမှာ အလုပ်ရရှိရန် လွန်စွာ ခက်ခဲလျက်ရှိပါသည်။ ၎င်း၏နောက်ဆက်တွဲရလာဒ်အဖြစ် မသန်စွမ်းသူများမှာ မိသားစု၊ ရပ်ရွာလူထုနှင့် နိုင်ငံ၏ ဝန်ထုပ်ဝန်ပိုးများအဖြစ် ရှုမြင်သတ်မှတ်ခံနေရသည်။**

**၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ပြဋ္ဌာန်းခဲ့သည့် မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေ၊ အခန်း (၁၀)၊**

ပုဒ်မ ၃၅ တွင် – အမျိုးသားကော်မတီသည်–

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီး မသန်စွမ်းသူများအတွက် အခြားသူများနည်းတူ တန်းတူညီမျှအလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်ခန့်ထားရာတွင် ခွဲခြားမှုမရှိရေး၊ အဓမ္မအလုပ်စေခိုင်းမှု တားဆီးကာကွယ်ရေး၊ အလုပ်လုပ်နိုင်သော စွမ်းရည်အလိုက် လုပ်ခလစာနှင့်အကျိုးခံစားခွင့်များ တည်ဆဲဥပဒေနှင့် အညီရရှိရေး၊ သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းများတွင် ပါဝင်ဆောင် ရွက်ခွင့်ရှိရေး၊ အသက်မွေးဝမ်းကျောင်း ပညာများသင်ကြားခွင့်ရရှိရေး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခွင့် ရရှိရေး၊ လုပ်ငန်းခွင်တွင် လွယ်ကူစွာ ဝင်ထွက်သွားလာလုပ်ကိုင်နိုင်ရေး၊ သင့်လျော်သောနေရာထိုင်ခင်း သို့မဟုတ် အစီအစဉ်များဆောင်ရွက်ပေးရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် မူဝါဒနှင့်စီမံချက်များ ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

(ဂ) မသန်စွမ်းသူများကို အလုပ်အကိုင်ခန့်ထားပေးသော အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် သတ်မှတ်ထားသော ဝေပုံကျနှုန်းထား အရေအတွက်ထက်ပို၍ မသန်စွမ်းသူများကို အလုပ်ခန့်ထားပေးပါက ပို၍ခန့်ထားသော မသန်စွမ်းသူဦးရေအလိုက် အခွန်လျှော့ပေါ့ခွင့် ရရှိစေရန်ဟုလည်းကောင်း၊ ပုဒ်မ ၃၆ တွင် အလုပ်ရှင်သည်–

(က) မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် စပ်လျဉ်း၍ အမျိုးသား ကော်မတီကချမှတ်သောမူဝါဒနှင့် စီမံချက်များကိုလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) အလုပ်ခန့်ထားရာတွင် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသော မသန်စွမ်းသူများကို သင့်လျော်သောအလုပ်တွင် အမျိုးသားကော်မတီမှ သတ်မှတ်ပေးသော ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း ခန့်ထားရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရအလုပ်ခန့်ထားရာတွင် ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ထားသည့် မသန်စွမ်းသူများကို ရွေးချယ်ခန့်ထားရမည်။

(ဃ) မသန်စွမ်းသူများအား အလုပ်ခန့်ထားရာတွင် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိမှု အပေါ်မူတည်၍ လူတွေ့စစ်ဆေးခန့်ထားရေး၊ လုပ်ခလစာနှင့် အလုပ်သမား အခွင့်အရေးများ တန်းတူခံစားခွင့်ရှိရေး၊ ရာထူးတိုးမြှင့်ရေး၊ အလုပ်ခွင်တည်မြဲရေး၊ အခမဲ့အသက်မွေးဝမ်းကျောင်း ပညာများ လေ့ကျင့်သင်ကြားခွင့်ရရှိရေး အပါအဝင်မသန်စွမ်းသူများနှင့် သင့်လျော်သည့် အစီအစဉ်များ ဆောင်ရွက်ပေးရမည်။

(င) ပုဒ်မခွဲ (ခ)အရ သတ်မှတ်ထားသော ဝေပုံကျနှုန်းထား အရေအတွက်အတိုင်း အလုပ်ခန့်ထားခြင်းမပြုနိုင်လျှင်ဖြစ်စေ၊ အလုပ်ခန့်ထားရန် အခြေအနေမပေးလျှင် သို့မဟုတ် အခွင့်အလမ်းမရှိလျှင်ဖြစ်စေ မသန်စွမ်းသူများ၏ အခွင့်အရေးများ

ဆိုင်ရာ ရန်ပုံငွေသို့ သတ်မှတ်ထားသော ငွေပမာဏကို ဝေပုံကျနှုန်းထား အရေအတွက် အတိုင်း ပေးသွင်းရမည်။

(စ) ပုဒ်မခွဲ (ခ)အရ အလုပ်ခန့်အပ်ထားသော မသန်စွမ်းအလုပ်သမား သို့မဟုတ် ဝန်ထမ်းဦးရေစာရင်းကိုလည်းကောင်း၊ အလုပ်ခန့်ထားရန်ရှိသောလစ်လပ်သည့် အလုပ်အကိုင် စာရင်းကို လည်းကောင်းဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင် နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ပေးပို့ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

## ရရှိလာမည့် အကျိုးကျေးဇူး

နိုင်ငံတော်အနေဖြင့် ဤသို့ စီမံဖော်ဆောင်ခြင်းအားဖြင့် နိုင်ငံတဝှမ်းရှိ ၂.၃ သန်းခန့် ရှိသော မသန်စွမ်းသူများ၏ အလုပ်လက်မဲ့နှုန်းနှင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ပြီး မသန်စွမ်း အိမ်ထောင်မိသားစုများ၏ လူနေမှုဘဝအဆင့်အတန်းများ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ လူ့အဖွဲ့အစည်းမှ ရှုမြင်နေသည့် မသန်စွမ်းသူများသည် ဝင်ငွေမရှာဖွေနိုင်သူများ၊ ဝန်ထုပ်ဝန်ပိုးများ ဖြစ်သည်ဟူသော အမြင်များကို ပြောင်းလဲနိုင်ပြီး နိုင်ငံတော်၏လူ့စွမ်းအား အရင်းအမြစ်နှင့် ကုန်ထုတ်စွမ်းအားများလည်း တိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်၏ဆင်းရဲနွမ်းပါးမှု တိုက်ဖျက် ရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ပြီး နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများတွင် မြန်မာ နိုင်ငံ၏ ဂုဏ်သိက္ခာလည်း မြင့်မားလာ၍ အများအသိအမှတ်ပြု မှတ်ကျောက်တင်လာမည် ဖြစ်ပါသည်။











## မသန်စွမ်းအဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုချက် (၁၀)

ပညာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းအကျုံးဝင်ပညာရေးအား ဦးစီးဌါနတစ်ခုအဖြစ် ဖွင့်လှစ်ဆောင်ရွက်ပြီး မသန်စွမ်းသူများ တန်းတူပညာသင်ယူခွင့်ရရှိရေး မူဝါဒနှင့်လုပ်ငန်းစဉ်ချမှတ်၊ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်။

### အကောင်အထည်ဖော်ရမည့်နည်းလမ်းနှင့် တာဝန်ရှိ အဖွဲ့အစည်းများ

| ဆောင်ရွက်ချက်နှင့် နည်းလမ်း | တာဝန်ရှိ အဖွဲ့အစည်း |
|---|---|
| ပညာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း အကျုံးဝင်ပညာရေးအား ဦးစီးဌါနတစ်ခုအဖြစ် ဖွင့်လှစ်ဆောင်ရွက်ပြီး မသန်စွမ်းသူများ တန်းတူပညာသင်ယူခွင့်ရရှိရေး မူဝါဒနှင့် လုပ်ငန်းစဉ်ချမှတ်၊ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်။ | ပညာရေးဝန်ကြီးဌာန၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ |

### တင်ပြတောင်းဆိုရသည့်အကြောင်းရင်းနှင့် နောက်ခံအခြေအနေ

အိမ်အကြောင်းအရာနှင့်လူဦးရေသန်းခေါင်စာရင်း (၂၀၁၄) ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူ လူဦးရေသည် နိုင်ငံလူဦးရေ၏ ၄.၆ ရာခိုင်နှုန်း (၂.၃ သန်းခန့်) ရှိနေပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ မသန်စွမ်းသူများဆိုင်ရာ နိုင်ငံတော်စစ်တမ်း (၂၀၁၀) ထုတ်ပြန်ချက်အရ မသန်စွမ်းကလေးငယ် ၅၃ ရာခိုင်နှုန်းမှာ ပညာသင်ယူခွင့် လုံးဝမရရှိသေးပါ။ တဆက်တည်း ဘွဲ့ရ မသန်စွမ်းသူဦးရေမှာလည်း ၂ ရာခိုင်နှုန်းအောက်သာ ဖြစ်နေသည်ကို တွေ့ရသည်။ €

မသန်စွမ်းမိဘ/မိသားစုဝင်များနှင့် ရပ်ရွာလူထု၏ မသန်စွမ်းကလေးငယ်များ ပညာသင်ယူခွင့်အပေါ် အားပေးပံ့ပိုးမှု အားနည်းခြင်း၊ စာသင်ကျောင်းများ၏ တည်ဆောက်ပုံဒီဇိုင်းများသည် မသန်စွမ်းသူများ လှုပ်ရှားသွားလာမှု အဆင်ပြေစေရေးအတွက် ထည့်သွင်းစီမံဆောင်ရွက်ထားမှု

မရှိခြင်း၊ သင်ထောက်ကူပစ္စည်းများနှင့် သင်ကြားရေးနည်းလမ်းများသည် မသန်စွမ်းသူများအတွက် အဆင်မပြေသေးခြင်း၊ မသန်စွမ်းမှုအမျိုးအစားနှင့် ကိုက်ညီသည့်ဘာသာရပ်များ ရွေးချယ်ခွင့် မရရှိခြင်း၊ ပညာရေးဝန်ထမ်းနှင့် ဆရာ/မအချို့မှ မသန်စွမ်းသူများအား ကျောင်းလက်မခံ ငြင်းပယ်ခြင်းနှင့် ပညာရေးဝန်ကြီးဌာန၏ လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ ထိရောက်သော မူဝါဒနှင့် လုပ်ငန်းစဉ်များ မရှိခြင်းကြောင့် မသန်စွမ်းသူများ ပညာသင်ယူခွင့် ဆုံးရှုံးနေရခြင်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၏ ပညာရေးဝန်ထမ်းများ ပြုစုပျိုးထောင်၊ လေ့ကျင့်မွေးထုတ်သည့် သင်တန်းနှင့် အစီအစဉ်များတွင် လူတိုင်းအကျုံးဝင်ပညာရေး သဘောတရားနှင့် ကျွမ်းကျင်မှုများ ထည့်သွင်း မသင်ကြားပေးခြင်းနှင့် နိုင်ငံတဝှမ်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ လူတိုင်းအကျုံးဝင်ပညာရေး အကောင်အထည်ဖော်လာရေးအပေါ် ထိထိရောက်ရောက်၊ တစိုက်မတ်မတ် ကြီးကြပ်၊ လမ်းညွှန်၊ ပံ့ပိုးမှု မပေးခြင်းတို့ကြောင့်လည်း မသန်စွမ်းသူများ၏ ပညာသင်ကြားခွင့် ရရှိရေးမှာ လွန်စွာ အခက်အခဲ ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတဝှမ်းလုံးရှိ ပညာရေးကဏ္ဍတွင် မသန်စွမ်းသူများ အပြည့်အဝ တန်းတူ ပညာသင်ယူခွင့် ရရှိလာနိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းရောက်ရေးအတွက် လမ်းညွှန် ထိန်းကျောင်း ပံ့ပိုးမှုများပေးနိုင်ရန် ပြည်ထောင်စုအဆင့်၌ လူတိုင်းအကျုံးဝင်ပညာရေးဦးစီးဌာန တစ်ခုဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သော နိုင်ငံသားတိုင်း စာတတ်မြောက်ရမည်ဟူသော ရည်မှန်းချက် ပြည့်မီလာမည်ဖြစ်ပါသည်။

ဤကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ပြဌာန်းခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ၊ အခန်း (၅)၊

ပုဒ်မ ၂၀ တွင် မသန်စွမ်းသူတိုင်းသည်–

(က) အခြားသန်စွမ်းသူများနည်းတူ ပညာသင်ယူပိုင်ခွင့်ရှိသည်။

(ခ) အစိုးရပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် အဖွဲ့အစည်းပိုင်ကျောင်းများ၊ သင်တန်းများ၊ သိပ္ပံများ၊ ကောလိပ်နှင့် တက္ကသိုလ်များတွင်လည်းကောင်း၊ ပုဂ္ဂလိက ပညာသင်ကျောင်းနှင့် ပုဂ္ဂလိကအသက်မွေးမှု သင်တန်းကျောင်းများတွင် လည်းကောင်း ပညာသင်ယူပိုင်ခွင့် ရှိသည်ဟုလည်းကောင်း၊

ပုဒ်မ ၂၁ တွင် အမျိုးသားကော်မတီသည် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ မသန်စွမ်းသူများ အခြေခံပညာအဆင့်မှ တက္ကသိုလ် ပညာအဆင့်အထိသင်ယူရာတွင်

သင်ရိုး ညွှန်းတမ်းများ၊ နေရာထိုင်ခင်း၊ သွားလာဆက်သွယ်မှုဆိုင်ရာ အထောက်အပံ့များနှင့် သင်ထောက်ကူပစ္စည်းများ ရရှိရေးအတွက်အစီအစဉ်များ ချမှတ်ပေးရမည်ဟုလည်းကောင်း၊

ပုဒ်မ ၂၂ တွင် အမျိုးသားကော်မတီသည် ပေါင်းစည်းပညာသင်ကြားနိုင်သည့် လူတိုင်းအကျုံးဝင် ပညာရေးစနစ်နှင့် ပညာရေးကောလိပ်များ၊ ပညာရေးတက္ကသိုလ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ ထည့်သွင်း သင်ကြားရန်လည်းကောင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် သင်ကြားနည်းစနစ်များနှင့် တစ်ဦးကိုတစ်ဦး ဆက်သွယ်ခြင်းနည်းစနစ်များ သင်ယူနိုင်ရန်လည်းကောင်း ပညာရေးဝန်ကြီးဌာနသို့ ညွှန်ကြားရမည်ဟုလည်းကောင်း၊

ပုဒ်မ ၂၃ တွင် မသန်စွမ်းသူများက ကျောင်းဝင်ခွင့် လျှောက်ထားရာတွင် ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်မှတစ်ပါး မသန်စွမ်းမှုကိုအကြောင်းပြု၍ ကျောင်းဝင်ခွင့်ကို ငြင်းပယ်ခြင်း မပြုရ ဟုလည်းကောင်း၊

ပုဒ်မ ၂၄ တွင် မသန်စွမ်း ကလေးသူငယ်တိုင်းသည်–


(က) ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာ သင်ယူမှုများ အပါအဝင်ပညာသင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများရရှိစေရမည်။

(ခ) မိမိတို့နေထိုင်ရာရပ်ရွာ သို့မဟုတ် အနီးစပ်ဆုံးဒေသရှိ နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော အခမဲ့ ပညာသင်ယူခွင့် ရှိသည့်အဆင့်အထိ အခြားသူများနည်းတူ သင်ယူခွင့်ရှိသည်ဟု လည်းကောင်း၊

ပုဒ်မ ၂၅ တွင် ဝန်ကြီးဌာနသည် ကျောင်းပညာမသင်ယူနိုင်သော မသန်စွမ်းသူများအတွက် သီးသန့်ဖွင့်လှစ်သင်ကြားပေးသော အထူးပညာရေးအစီအစဉ်၊ ကျောင်းပြင်ပ ပညာရေးအစီအစဉ်နှင့် အသက်မွေးဝမ်းကျောင်းပညာ အစီအစဉ်များကို ဆောင်ရွက်ပေးရမည် ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

## ရရှိလာမည့် အကျိုးကျေးဇူး

နိုင်ငံတော်အနေဖြင့် ဤသို့ စီမံဆောင်ရွက်ခြင်းအားဖြင့် မသန်စွမ်းသူများ တန်းတူ ပညာသင်ယူခွင့်ရရှိလာပြီး ပညာရေးဖြင့် မိမိခြေထောက်ပေါ်မိမိ ဘဝရပ်တည် အသက်မွေးနိုင်သော မသန်စွမ်းသူနိုင်ငံသားများ ဖြစ်လာမည်ဖြစ်သည်။ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များကို ဖော်ဆောင်ရာရောက်ပြီး အခြား တစ်ဘက်တွင်လည်း မြန်မာနိုင်ငံ၏ပညာရေး ရည်မှန်းချက်များကို ပိုမိုပြည့်မီလာစေပါမည်။ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများအကြားတွင်လည်း ကလေးသူငယ် အခွင့်အရေးကို လေးစားသော၊ မသန်စွမ်းသူများ၏ အခွင့်အရေးကို အလေးထား ဆောင်ရွက်ပေးသော မြန်မာနိုင်ငံအဖြစ် ပညာရေးဖြင့် မှတ်ကျောက်တင် အသိအမှတ်ပြုခံလာရမည်ဖြစ်ပါသည်။







## မသန်စွမ်းအဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုချက် (၁၁)

မသန်စွမ်းသူများအတွက် အရေးတကြီးလိုအပ်လျက်ရှိသော မသန်စွမ်းသူမှတ်ပုံတင်လက်မှတ် ရရှိရန်အတွက် အမြန်ဆုံးတိုက်တွန်း ဆောင်ရွက်ပေးပါရန် တင်ပြခြင်း။

### အကောင်အထည်ဖော်ရမည့်နည်းလမ်းနှင့်တာဝန်ရှိအဖွဲ့အစည်းများ

| ဆောင်ရွက်ရန်နည်းလမ်း | တာဝန်ရှိအဖွဲ့အစည်းများ |
|---|---|
| မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ အခန်း (၁၁)ပါ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း ကိစ္စအား အမြန်ဆုံး ဆောင်ရွက်ပေးပါရန်။ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေအရ ဖွဲ့စည်းမည့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ |
| လူမှုဝန်ထမ်းဦးစီးဌာန မှတ်ပုံတင်အရာရှိချုပ်၊ မသန်စွမ်းအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ကြီးဌာန နှင့် ဆွေးနွေးညှိနှိုင်း၍ မသန်စွမ်းသူများမှတ်ပုံတင်လက်မှတ်ရရှိရန် အမြန်ဆုံးသတ်မှတ်ပြဌာန်းဆောင်ရွက်ပေးပါရန်။ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ ဖွဲ့စည်းမည့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာအမျိုးသား ကော်မတီ။ |
| သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဆောင်ရွက်ပေးခြင်းရှိ/ မရှိစောင့်ကြည့်ရန်နှင့် ကြပ်မတ် အရေးယူရန်ဆောင်ရွက်ရန်။ | မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် တရားရေးဆိုင်ရာဌာနများ။ |

## တင်ပြတောင်းဆိုရသည့်အကြောင်းရင်း

မြန်မာနိုင်ငံမှ ၂၀၁၁ခုနှစ် ဒီဇင်ဘာလ ၇ရက်နေ့တွင် ကုလသမဂ္ဂမသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် UNCRPD အားအတည်ပြု လက်မှတ်ရေးထိုး ထားပြီးဖြစ်ပါသည်။ ၄င်းအပြင် မြန်မာနိုင်ငံမှ ၂၀၁၅ခုနှစ် ဇွန်လ ၅ရက်နေ့တွင် အတည်ပြုထုတ်ပြန်ထားသည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ အခန်း (၁၁) ရှိ မသန်စွမ်းသူများမှတ်ပုံတင်ခြင်းကိစ္စအား လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ဖော်ပြထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အခြေအနေအရပ်ရပ်တွင် ကဏ္ဍတိုင်း၌ ဖွံ့ဖြိုးတိုးတက်ရေးဦးတည်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင်းမှီတင်းနေထိုင်ကြသော (၄.၆%) တနည်းအားဖြင့် ၂၃သိန်းခန့်သော မသန်စွမ်းသူများ၏ အခန်းကဏ္ဍသည်လည်းဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အား လက်မှတ်ထိုးအတည်ပြုထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ သဘောတူစာချုပ်ပါ ကတိကဝတ်များအား ယခုအချိန်အထိ အချိန်ကာလအားဖြင့် (၅)နှစ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း စာချုပ်ပါအချက်များအား အကောင်အထည်ဖေါ်ဆောင်ရွက်မှု အားနည်းလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်တွင် အခက်အခဲအမျိုးမျိုးကြောင့် အခြေအနေ အရပ်ရပ်တွင် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါကနောက်ကျ ကျန်လျက်ရှိရာ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍသည်လည်း တစ်ခုအပါအဝင် ပါသည်။

ဥပမာ - ဘီးတပ်ကုလားထိုင်(ဝှီးချဲလ်) အသုံးပြုသူ မသန်စွမ်းသူတစ်ဦးအနေဖြင့် ပြည်တွင်းသုံးယဉ်၊ ရထား၊ ကားများ အသုံးပြုသည့်အခါတွင် ဘီးတပ်ကုလားထိုင်အသုံးပြုသည့်အတွက် ယဉ်စီးခ (၂ဆ) ပေးစီးရခြင်း၊ အလုပ်အကိုင်လျှောက်ထားသည့်အခါတွင်လည်း မသန်စွမ်းဖြစ်မှု အနည်းအများပေါ်မူတည်၍ အလုပ်မခန့်လိုသည့် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်း၊ အချို့မသန်စွမ်းသူများအား မသန်စွမ်းမှုများလွန်းသည့်အတွက် အလုပ်မခန့်လိုခြင်း (ဘီးတပ်ကုလားထိုင်အသုံးပြုသူများ၊ လက်ထောက်၂ဖက်အသုံးပြု၍ သွားလာလှုပ်ရှားနေကြသူများ)၊ အချို့မသန်စွမ်းသူများအား မသန်စွမ်းဖြစ်မှုသည် သိသာထင်ရှားမှု မရှိသည့်အတွက် အလုပ်မခန့်လိုခြင်း စသည့်ဖြင့် အကြောင်းပြချက်အမျိုးမျိုးဖြင့် ငြင်းပယ်ခံရခြင်းများကို ကြုံတွေ့နေကြရပါသည်။

ပြည်ပခရီးများသွားသည့်အခါ လေဆိပ်များအတွင်း လမ်းခရီးဝေးလံစွာ မလျှောက်နိုင်သည့် မသန်စွမ်းသူများသည် ဝှီးလ်ချဲလ်များအသုံးပြုလို၍ တောင်းဆိုသည့်အခါ မသန်စွမ်းဆိုသည့် စကားရပ်အပေါ်နည်းလည်မှုမရှိခြင်း၊ မသန်စွမ်းဖြစ်မှုကိုစစ်ဆေးနိုင်ရန် လူ့ဂုဏ်သိက္ခာအား ညှိုးနွမ်းစေသည့် အပြုအမူများ (ဥပမာ - လမ်းလျှောက်ခိုင်းခြင်း)၊ ပြင်ပခရီးစဉ်များအတွက် ဘီးတပ်ကုလားထိုင်အသုံးပြုရန် တောင်းဆိုခြင်းအပေါ် ငွေကြေးများကောက်ခံခြင်းနှင့် လေးဘီးစက်တပ်ဝှီးချဲလ် အသုံးပြုသူများအား ဆိုင်ကယ်တားမြစ်နယ်မြေတွင် အသုံးပြုသည့်အတွက် ဖမ်းဆီးခြင်း စသည့် အခြေအနေများ ရင်ဆိုင်နေရလျက်ရှိပါသည်။

၄င်းအပြင် မသန်စွမ်းသူများအား ကူညီထောက်ပံ့သည့်အစီအစဉ်များတွင် မသန်စွမ်းသူမဟုတ်သော်လည်း မသန်စွမ်းသူ တစ်ဦးအဖြစ် ဟန်ဆောင်ကာ အခွင့်အရေးများရရယူကြသည့် အခြေအနေများကို ကြုံတွေ့သိရှိခဲ့ဖူးပြီး ဖြစ်ပါသည်။

အထက်ပါ အခြေအနေများသည် မသန်စွမ်းသူများတွင် မသန်စွမ်းသူဖြစ်ကြောင်း အထောက်အထား/ သက်သေမပြသနိုင်ခြင်းကြောင့်ဖြစ်ပြီး အခွင့်အရေးများ ဆုံးရှုံးနေကြရခြင်း ဖြစ်သည်။

၂၀၁၅ခုနှစ်၊ ဇွန်လတွင် ပြဌာန်းခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ အခန်း (၁၁)တွင်

၃၇။ မသန်စွမ်းသူများ ဤဥပဒေပါ အခွင့်အရေးများကိုရရှိခံစားနိုင်ရန်အတွက် ၄င်းတို့၏ဆန္ဒအလျောက် မသန်စွမ်းသူဖြစ်ကြောင်း အသိအမှတ်ပြုရန် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လျှောက်ထားနိုင်သည်။

၃၈။ ဝန်ကြီးဌာနသည်–

(က) ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုမှတ်ပုံတင်အရာရှိချုပ်အဖြစ် တာဝန်ပေးရမည်။

(ခ) ဤဥပဒေအရ မှတ်ပုံတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအလိုက် လူမှုဝန်ထမ်းအရာရှိများကို မှတ်ပုံတင်အရာရှိများအဖြစ် တာဝန်ပေးရမည်။

၃၉။ မှတ်ပုံတင်အရာရှိချုပ်သည် အမျိုးသားကော်မတီနှင့် ဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်နှင့်အညီ–

(က) မသန်စွမ်းသူအားလုံး ၎င်းတို့၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် စာရင်းဇယားများပြုစုခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်း တာဝန်များကို ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာ၌ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကာကွယ်နိုင်ရန် အပြည်ပြည်ဆိုင်ရာက လက်ခံထားသည့် စံနှုန်းများ၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့် အဖွဲ့က ဆေးစစ်ဆေးခြင်းတို့ကို လွယ်ကူအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ) မသန်စွမ်းသူများကို မှတ်ပုံတင်ခြင်း၊ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့် အဖွဲ့ထံတွင်ဆေးစစ်ဆေးမှုခံယူရန် ဆောင်ရွက်ပေးခြင်း၊ဆေးစစ်ဆေးခြင်းနှင့် ဆေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းတို့ကိုအခမဲ့ စီစဉ်ဆောင်ရွက်ပေးရမည်။

၄၀။ မသန်စွမ်းသူများသည် မိမိဆန္ဒအလျောက် မသန်စွမ်းသူအဖြစ် မှတ်ပုံတင်နိုင်ရန် သို့မဟုတ် မှတ်ပုံတင်ထားသည့်မသန်စွမ်းသူက မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ရန် အတွက် မှတ်ပုံတင်ကြီးကြပ်ရေးမှူးထံသို့ ကိုယ်တိုင်ဖြစ်စေ၊ မိဘအုပ်ထိန်းသူ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၁။ မှတ်ပုံတင်ကြီးကြပ်မှူးသည်-

(က) ပုဒ်မ ၄၀ အရ လျှောက်ထားချက်ကိုစိစစ်ပြီး မသန်စွမ်းမှုနှင့် စပ်လျဉ်း၍ ဆေးထောက်ခံချက်လက်မှတ်ထုတ်ပေးမည့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့် အဖွဲ့ထံတွင်ဆေးစစ်နိုင်ရန်ဆောင်ရွက်ပေးရမည်။

(ခ) ပုဒ်မခွဲ(က) အရ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့က ထုတ်ပေးသော ဆေးထောက်ခံချက်လက်မှတ်နှင့်အတူ လျှောက်ထားချက်ကို သက်ဆိုင်ရာမှတ်ပုံတင် အရာရှိသို့ တင်ပြရမည်။

၄၂။ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ၄၁၊ ပုဒ်မခွဲ(ခ)အရ တင်ပြလျှောက်ထားချက်ကိုစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြရမည်။

(ခ) မှတ်ပုံတင်ထားသည့် မသန်စွမ်းသူက မှတ်ပုံထားခြင်းကိုပယ်ဖျက်ပေးရန် လျှောက်ထားလာသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ အတည်ပြုချက်ရယူ၍ မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့ မှတ်တမ်းတင်ရန် စာရင်းပေးပို့ရမည်။

(ဂ) မသန်စွမ်းသူ၏ မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ပေးရန် လျှောက်ထားခြင်းနှင့် သတ်မှတ်ထားသောမသန်စွမ်းမှု အင်္ဂါရပ်များနှင့် အကျုံးမဝင်ခြင်းတွေ့ရှိသည့်အခါ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့၏ မှတ်ချက်တို့နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့တင်ပြရမည်။

၄၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည်-

(က) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က)အရ တင်ပြသော လျှောက်ထားချက်ကိုစိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ခွင့်ပြုပါက လျှောက်ထားသူအား သက်သေခံလက်မှတ် ထုတ်ပေးရမည်။

(ဂ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ(ဂ)အရ မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ပေးရန် လျှောက်ထားခြင်းနှင့် သတ်မှတ်ထားသော မသန်စွမ်းမှုအင်္ဂါရပ်များနှင့် အကျုံးမဝင်တော့ကြောင်း တင်ပြချက်ကို စိစစ်ပြီးအတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဃ) မသန်စွမ်းသူများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ခြင်းနှင့် သတ်မှတ်ထားသော မသန်စွမ်းမှုအင်္ဂါရပ်များနှင့် အကျုံးမဝင်ခြင်းတို့အတွက် စာရင်းများအား မှတ်တမ်းတင်နိုင်ရန် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်အရာရှိချုပ်ထံသို့ တင်ပြစေရမည်။

## ရရှိလာမည့်အကျိုးကျေးဇူးများ

မသန်စွမ်းဖြစ်မှုအပေါ် သက်သေတစ်ခုဖြစ်သည့် မသန်စွမ်းမှတ်ပုံတင်လက်မှတ် ရှိမည်ဆိုပါက မသန်စွမ်းသူများ၏ အခွင့်အရေးဆုံးရှုံးမှုများအပေါ် တစ်နည်းတစ်ဖုံ အထောက်အပံ့ပြုနိုင်မည်ဖြစ်သလို မလိုလားအပ်သည့် ပြဿနာများအားလည်း အနီးစပ်ဆုံး ဖြေလျှော့နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ၂.၃သန်းခန့်သော မသန်စွမ်းသူများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ မသန်စွမ်းသူများ၏ ပါဝင်ခွင့်သည်လည်း တိုးမြှင့်လာမည်ဖြစ်သည်။ ၎င်းအပြင် မြန်မာနိုင်ငံတွင်နေထိုင်လျက်ရှိသော မသန်စွမ်းသူများ၏ စာရင်းအချက်အလက်များသည်လည်း အချိန်နှင့်တပြေးညီ တိကျမှန်ကန်နေမည်ဖြစ်ပါသည်။ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံသည် လူနည်းစုအုပ်စုတွင် တစ်ခုအပါအဝင်ဖြစ်သော မသန်စွမ်းသူများ၏ ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍကိုမြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

## နိဂုံး

အစိုးရသက်တမ်း ငါးနှစ်အတွင်း မြန်မာနိုင်ငံ မသန်စွမ်းလူထုအတွက် ဦးစားပေးဆောင်ရွက်ပေးစေလိုသည့် မသန်စွမ်းအဖွဲ့အစည်းများ၏ ဖော်ပြပါ လိုလားချက်များကို ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများ၊ ဆက်စပ်ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံတဝှမ်းရှိ မိဘပြည်သူများအားလုံးက အပြည့်အဝ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ပေးပါရန် တိုက်တွန်း ပါသည်။

# မသန်စွမ်းမှုနှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အချက်အလက်များ၊ စာအုပ်စာတမ်းများ လွှင့်တင်ထားသော ဝက်ဘ်ဆိုက်များ

## Disability Related Organizations

Austrian Development Agency

- http://www.entwicklung.at/uploads/media/Focus_Persons_with_disabilities_01.PDF

OECD

BETTER POLICIES FOR BETTER LIVES

- http://www.oecd.org/

International Disability and Development Consortium

- http://www.iddcconsortium.net/resources-tools

Rehabilitation International

- www.riglobal.org

WHO

- www.who.int

CBM

- www.cbm.org

Hesperian Foundation

- www.hesperian.org

Motivation International

- www.motivation.org.uk

Handicap International

- www.handicap-international.org.uk

Centre for the Rehabilitation of the Paralysed

- www.crp-bangladesh.org

We Can Do

- Wecando.wordpress.com

UN Enable

- www.un.org/development/desa/disabilities/

UNICEF

- www.unicef.org.au

ILO

- www.ilo.org

Inclusive Job Centre

- www.inclusivejobcentre.com
- www.cdd.org.bd/about-disability/cdd-resources

ESCAP Social Development in Asia and the Pacific

- http://www.unescapsdd.org/publications/escap-guide-disability-indicators-incheon-strategy

International Foundation for Electoral Systems ( IFES)

- www.ifes.org/myanmar
- http://www.ifes.org/news/disability-inclusive-elections-week-ukraine

AGENDA

- www.agendaasia.org

European Union Agency for Fundamental Rights

- http://fra.europa.eu/en/publication/2014/right-political-participation-persons-disabilities-summary

### Department of Social Welfare, Relief and Resettlement

- http://www.dsw.gov.mm/mm/node/29

### Myanmar Deaf Society (မန္တလေး)

- https://www.facebook.com/yadana.aung.315?fref=pb&hc_location=profile_browser
- https://www.facebook.com/Myanmar-Deaf-Society-1597560847163518/

### မြန်မာနိုင်ငံနားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ (MDCDA)

- https://www.facebook.com/mdcda.org.mm/

### မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် (MFPD)

- https://www.facebook.com/MFPwDs/info/?entry_point=page_nav_about_item
- http://www.mfpd.org.mm/
- https://www.facebook.com/search/top/?q=Myanmar%20Federation%20of%20PWDs

### မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(MILI)

- http://www.mili.org.mm/
- https://soundcloud.com/miliradio
- https://www.facebook.com/myanmarili2015
- https://www.youtube.com/user/miliwebtv

### Eden Center

- https://www.facebook.com/ECDCmyanmar/?ref=py_c
- http://www.edencentre.org/

### မြန်မာနိုင်ငံမျက်မမြင်များအသင်း (မမသ)

- http://mnab-myanmar.org/
- https://www.facebook.com/mnabmyanmar/?fref=ts

## Disability Related References

Disabled Village Children

- http://www.dinf.ne.jp/doc/english/global/david/dwe002/dwe00201.htm

Toolkit on Eliminating Violence Against Women And Girls With Disabilities In Fiji

- http://www.pacificdisability.org/getattachment/Resources/PDF-Resources/Toolkit-on-Eliminating-Violence-Against-Women-And-Girls-With-Disabilities-In-Fiji-(1).pdf.aspx

Bali Declaration on Persons with Disabilities

- http://www.asean.org/wp-content/uploads/images/2013/resources/publication/2013%208.%20aug%20-%20bali%20declaration%20on%20persons%20with%20disabilities.pdf

CONVENTION on the Rights of PERSONS with DISABILITIES

- http://www.un.org/disabilities/convention/conventionfull.shtml

Understanding the Challenges of Disability in Myanmar

- http://www.burmalibrary.org/docs13/Understanding_the_Challenges_of_Disability_in_Myanmar-red.pdf

Country Profile on Disability Union of Myanmar – World Bank

- http://siteresources.worldbank.org/DISABILITY/Resources/Regions/East-Asia-Pacific/JICA_Myanmar.pdf
- http://siteresources.worldbank.org/DISABILITY/Resources/Regions/East-Asia-Pacific/JICA_Myanmar.pdf

  on 27 July 2011.

Myanmar (1993) The Child Law, accessed from

- www.blc-burma.org/html/myanmar%20law/lr_e_ml93_09.html

  on 27 July 2011.

MYANMAR COUNTRY REPORT FOR THE 7TH ASEAN & JAPAN HIGH LEVEL OFFICIALS MEETING ON CARING SOCIETIES 31 AUGUST- 3 SEPTEMBER 2009 TOKYO, JAPAN

- http://www.mhlw.go.jp/bunya/kokusaigyomu/asean/asean/kokusai/siryou/dl/siryou_07i.pdf

Convention on the Rights of Persons with Disabilities

- http://www.un.org/disabilities/convention/conventionfull.shtml

Cautious hope for Burma Second-Class-Citizens

- http://www.dvb.no/analysis/cautious-hope-for-burma%E2%80%99s-%E2%80%98second-class-citizens%E2%80%99/19155

CRC 2012: Suggestions for disability relevant questions to be included in the list of issues for Pre-Sessional Working Group-CRC 58th Session

- http://www.burmalibrary.org/docs12/CRC2012-Myanmar-NGO-IDA.pdf

UNISDR 2013 Survey on Living with Disabilities and Disasters

- http://www.unisdr.org/2014/iddr/documents/2013DisabilitySurveryReport_030714.pdf

World report on Disability

- https://en.wikipedia.org/wiki/World_report_on_disability

မသန်စွမ်းသူများဆိုင်ရာ အရေးကိစ္စနှင့် အချက်အလက်များအား ထပ်မံလေ့လာလိုပါက (သို့မဟုတ်) ဆက်သွယ်မေးမြန်းစုံစမ်းလိုပါက အောက်ပါမသန်စွမ်းအဖွဲ့အစည်းများအား ဆက်သွယ်နိုင်ပါသည်။

| စဉ် | အဖွဲ့အစည်းအမည် | ဆက်သွယ်ရမည့်ပုဂ္ဂိုလ် | ဖုန်းနံပါတ်/Email | အဖွဲ့၏လိပ်စာအပြည့်အစုံ |
|---|---|---|---|---|
| ၁။ | မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | ဦးအောင်ကိုမြင့် | 01218115<br>Aungko1975@gmail.com<br>Smtcoltd93@gmail.com | အမှတ် ၁၃/ခ၊ ဦးကျော်ဒွန်းဇံလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ အနောက်ပိုင်း ဆေးရုံရှေ့၊ ကြည့်မြင်တိုင်မြို့နယ်။ |
| ၂။ | မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) | နော်ပြုံးထေဘရိုက် (Admin Manager) | 09450067247<br>Fax- 01 9669133 | အမှတ်(၁၇)၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ (ရွှေရန်အောင်မှတ်တိုင်)။ |
| ၃။ | မြန်မာနိုင်ငံမျက်မမြင်များအသင်း | ဦးအောင်ကိုမြင့်<br>ရုံးဖုန်း<br><br>တာဝန်ခံဖုန်း | 09 5102118<br>09 422555882<br>mnabmyanmar@gmail.com<br>09 33982313 | အမှတ်(၁၃၇၁)၊သာယာအေးလမ်း၊တောင်သုကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ |
| ၄။ | မခမမ (Myanmar chiristian Fellowship Of The Blind) | ဦးစောသောင်းကြည် | 09 450038704<br>mcfb.admin@gmail.com | အမှတ်(၁၆၅)၊ဗဟိုလမ်း၊(၂)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်။ |
| ၅။ | Myanmar Deaf Community Development Association (MDCDA) | ဦးကျော်ကျော် (Program Director) | 09 976882998 | အမှတ် ၉၅(B) ၄လွှာ၊ သာယာအေးလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ |
| ၆။ | Yangon Deaf and Hard of Hearing People(YDHP) | ဒေါ်တင်နွယ်ဦး (အတွင်းရေးမှူး) | 09 795502082 | အမှတ်(၇၃)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ |
| ၇။ | မေရီချက်(ပ်)မင်းနားမကြားသော ကလေးများကျောင်း | ဒေါ်ညွန့်ညွန့်သိန်း (ကျောင်းအုပ်ဆရာမကြီး) | 09 5201910<br>01-221872,01-218343 | အမှတ်(၂)၊သံတမန်လမ်း၊ ဒဂုံမြို့နယ်၊ရန်ကုန်။ |
| ၈။ | ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) | ဦးမြတ်သူဝင်း | 09 5103725<br>smtcoltd93@gmail.com | တိုက်အမှတ်၁၀၄(B)၊ MAC Tower-2၊ ပထမထပ်၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်။ |
| ၉။ | မြန်မာနိုင်ငံမသန်စွမ်းအမျိုးသမီးများ အသင်း | ဒေါ်ရင်ရင်မော်(ဥက္ကဋ္ဌ) | 09 5403470<br>yinyinmaw210@gmail.com | အမှတ် ၅/၇ ၊ မြန်မာ့အသံ ဝန်ထမ်းအိမ်ရာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ |

| | | | | |
|---|---|---|---|---|
| ၁၀။ | အနာဂတ်ကြယ်ပွင့်လေးများ ဉာဏ်ရည် မသန်စွမ်းကိုယ့်အားကိုယ်ကိုးအဖွဲ့ (Future Star) | ဒေါ်နွယ်နီအေး(ဥက္ကဋ္ဌ) ဒေါ်ခင်မျိုးစု(အတွင်းရေးမှူး) | 09 5077397<br>09 972466581<br>dkhinmyosu53@gmail.com | အမှတ်၂/ဘီ၊ ဗိုလ်တေဇ(၃)လမ်း၊ သုဝဏ္ဏမြို့နယ်၊ ရန်ကုန်။ |
| ၁၁။ | လင်းရောင်ခြည် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ရွှေပြည်သာ) | ဦးဇော်မင်း(ဥက္ကဋ္ဌ) ဦးခင်အောင်သန်း(ဒုဥက္ကဋ္ဌ) | 09 254321029<br>09 788343242<br>khinaungthan45@gmail.com | အမှတ်၃၆၈(က)၊ ကျောက်စိမ်းလမ်း၊ ၅/၈ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။ |
| ၁၂။ | ရွှေပြည်သာမသန်စွမ်းအဖွဲ့အစည်းများကွန်ယက် | ဦးထင်အောင်ဇော်(ဥက္ကဋ္ဌ)<br>ဦးလှငွေး(အတွင်းရေးမှူး) | 09 32372619<br>htinaungkyaw11mm.com<br>09 97835606 | ၇/၉ရပ်ကွက်၊ ဘုရင့်နောင်လမ်းကြီး၊ ပြည့်စုံမသန်စွမ်းသမရိုးဝင်း၊ နဝရတ်ဈေးအနီး၊ ရွှေပြည်သာမြို့နယ်၊ရန်ကုန်။ |
| ၁၃။ | မှော်ဘီမြို့နယ်မသန်စွမ်းသူများအဖွဲ့ | ဦးအောင်သိုက်ဝင်း(ဥက္ကဋ္ဌ)<br>ဦးအောင်ကျော်ဦး (အတွင်းရေးမှူး) | 09 790141408<br>aungthikewin1344@gmail.com<br>09 793600797 | ဝါးနက်ချောင်း စံပြကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်။ |
| ၁၄။ | အပြုံးကမ္ဘာမသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ | ဦးသန်းစိုးအောင် | 09 31570547 | ၂၆၉/က၊ ဖားအံလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ |
| ၁၅။ | တက်လမ်း | ဦးဝေယံမင်းရှိန် | 09 258087204 | အမှတ်- ၁၂၄၇(က)၊ ကျွန်းစစ်သားလမ်း၊ ၁၆ရပ် ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ |

**ကျေးဇူးတင်ပါသည်။**

ထုတ်ပြန်သည့်ရက်စွဲ - ၁၅.၇.၂၀၁၆

## ကျေးဇူးတင်လွှာ

ဤလမ်းညွှန်စာအုပ် ဖြစ်မြောက်ရေးအတွက် ကိုယ်တိုင်ကိုယ်ကျ ပါဝင်အချိန်ပေးဆောင်ရွက်ခဲ့ကြသော မသန်စွမ်းအဖွဲ့အစည်းများအားလုံးကို ကျေးဇူးအထူး တင်ရှိပါသည်။ ဆက်လက်ပြီး နည်းပညာပိုင်းနှင့် ဘဏ္ဍာငွေကြေးပိုင်း အဓိက ပံ့ပိုးကူညီပေးပါသော International Foundation for Election Systems (IFES) နှင့် ဆက်စပ်အဖွဲ့အစည်းများ ဖြစ်သော UK Aid, Australian Aid ၊ Swiss Agency for Development and Cooperation တို့ကို အသိအမှတ်ပြု ကျေးဇူးတင်ပါသည်။ ၎င်းအပြင် အကြံဉာဏ်ပိုင်းနှင့် နိုင်ငံတကာ ရှုထောင့်မှ ပါဝင်ကူညီပေးပါသော Ms. Anais Keenon, Inclusion Coordinator of IFES ကိုလဲ မှတ်တမ်းတင် ကျေးဇူးတင်ပါသည်။ ဓါတ်ပုံရှင်များအဖြစ် ပါဝင်ကြသော မသန်စွမ်းသူများနှင့် ပုဂ္ဂိုလ်များအားလုံးကိုလဲ ဂုဏ်ယူကျေးဇူးတင်ပါသည်။ ကျေးဇူးတင်ထိုက်သူ အားလုံးကို ကျေးဇူးတင်ပါသည်။

မြန်မာနိုင်ငံမသန်စွမ်းသူများရေ့ဆောင်အဖွဲ့ (MILI)